# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 26 May 2023 ၁၁၁၀၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် မေ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ရန်ကုန်မြို့ The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ ယနေ့ညနေပိုင်းတွင် MCL-5 ရေယာဉ်သည် သစ်ခွဲသား ၂၀၉ တန်၊ သွပ်ချပ် ၁၀၆၂၉၀၊ ဆန်အိတ် ၁၉၇၃၀၊ မိုးကာတဲ ၃၇၂ လုံး၊ မိုးကာလိပ် ၆၈ လိပ်၊ အိမ်ရိုက်သံ ၁၁ ဒသမ ၇ တန်၊ သွပ်ရိုက်သံ ၂၁ တန်၊ ခေါက်ဆွဲခြောက် ၆၁ ဖာ၊ ကရိန်းကားသုံးစီး၊ ကေဘယ်လိပ် ၂၀ နှင့် ဆက်စပ်ပစ္စည်းအခု ၁၅၆၀ စုစုပေါင်း တန် ၂၄၀၀ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**

**မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၄၀ ခန့် ပါဝင်ပြသ**


စာမျက်နှာ » ၇


**ဗီယက်နမ်နှင့်တရုတ် ကားကုမ္ပဏီတို့ အသေးစားလျှပ်စစ်ကား အကျိုးတူ ပူးပေါင်းထုတ်လုပ်မည်**


စာမျက်နှာ » ၁၃




**ကျောင်းအပ်နှံကြပါစို့**


ဆောင်းပါး စာမျက်နှာ » ၁၄


## မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

ပုဏ္ဏားကျွန်း မေ ၂၅

အလွန့်အလွန်အားကောင်းသော မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၉၀ ရာခိုင်နှုန်းထိပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့်ကျွမ်းကျင်လုပ်သား ၅၆၇ ဦးတို့က ပုဏ္ဏားကျွန်း ပင်မ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်မှုလုပ်ငန်း၊ တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်း ပြုပြင်ခြင်းလုပ်ငန်းတို့ကို မေ ၁၅ ရက်မှစတင်၍ နေ့မအား ညမအား ပြန်လည်ပြုပြင်လျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆




ကြေးမုံ

# မူလအခြေအနေထက် ပိုမိုကောင်းမွန် ထိရောက်စွာ ဝိုင်းဝန်းဆောင်ရွက်

မေလ ၁၄ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ နောက်ဆုံးကောက်ယူရရှိမှုအခြေအနေအလိုက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများအား ထုတ်ပြန်အသိပေးလျက်ရှိရာ မုန်တိုင်းတိုက်ရိုက်တိုက်ခတ်ခဲ့သည့် ရခိုင်ပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့သည်။

ပျက်စီးဆုံးရှုံးမှုများကို ပွင့်လင်းမြင်သာစွာ အမှန်အတိုင်းအသိပေးလျက်ရှိသောကြောင့် ထိခိုက်ခံစားရသည့် ဒေသများအားလုံးကို လွှမ်းခြုံ၍ ကူညီကယ်ဆယ်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့အသိပေးလျက်ရှိရာတွင် မေလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းအထိရရှိသောစာရင်းအရ ရခိုင်ပြည်နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၄၈ ဦး၊ မေလ ၁၈ ရက်နေ့ ညပိုင်းအထိရရှိသောစာရင်းအရ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး ထပ်မံသေဆုံးခဲ့ကာ သေဆုံးသူ ၁၄၅ ဦးရှိပြီး မေလ ၂၁ ရက်နေ့ ညပိုင်းတွင် ထပ်မံရရှိသောစာရင်းအရ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် သုံးဦးထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်းသေဆုံးသူ ၁၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် မုန်တိုင်း၏ဆက်စပ်အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ စိုက်ပျိုးထားသည့် စိုက်ပျိုးသီးနှံ စုစုပေါင်း ၆၂၈၃၆ ဧက ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ၊ အဆောက်အအုံ၊ သစ်ပင်သီးနှံပင်များနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရချိန်တွင် မွေးမြူရေးတိရစ္ဆာန်များလည်း ဆုံးရှုံးထိခိုက်ခဲ့ရသည်။ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ကျွဲ ၄၂၀၉ ကောင်၊ နွား ၇၆၆၆ ကောင်၊ ဝက် ၂၂၉၅ ကောင်၊ ဆိတ် ၇၃၈ ကောင်နှင့် ကြက် ၅၁၇၀၀၅ ကောင် သေဆုံးခဲ့ရာ မွေးမြူရေးတိရစ္ဆာန် စုစုပေါင်း ၅၃၁၉၁၃ ကောင်သေဆုံးခဲ့သည်။ ထို့အပြင် အိမ်မွေးတိရစ္ဆာန်မဟုတ်သည့် အခြားသဘာဝတိရစ္ဆာန်များလည်း အမြောက်အမြားသေဆုံးမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့လာရသည့်အခါတွင် နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင် အလျင်အမြန်စီမံတုံ့ပြန်ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူများ မုန်တိုင်းဒဏ်ထိခိုက်ခံရမှုများကို အနည်းဆုံးသို့လျှော့ချနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သော်လည်း တိရစ္ဆာန်များမှာမူ သိန်းနှင့်ချီ၍ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်ပေါ်ခဲ့သောအခြေအနေအရပ်ရပ်အပေါ်မူတည်၍ ကူညီကယ်ဆယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စေတနာရှင်များ၊ အလှူရှင်များ၏အကူအညီများဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင်၊ အကောင်းဆုံးအခြေအနေ ပြန်လည်ဖြစ်ပေါ်လာအောင် ကူညီဖြည့်ဆည်းဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် ဆုံးရှုံးခဲ့ရသူများအနေဖြင့် စိတ်သက်သာရာရကြမည်ဖြစ်သလို အခြားပြည်သူများအနေဖြင့် မုဒိတာပွားကျေနပ်ကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ထုတ်ပြန်ကြေညာပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးပြီး လျင်လျင်မြန်မြန် ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တည်ဆောက်ရေး၊ ရေရရှိရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် အလျင်အမြန်ဆောင်ရွက်လျက်ရှိရာ ရက်ပိုင်းကာလအတွင်း ပျက်စီးဆုံးရှုံးမှုများကို အစားထိုးပြန်လည်ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မုန်တိုင်းသင့်ဒေသများအားလုံး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအဆင့် အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်မှုများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ အလှူရှင်များနှင့်အတူ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုများဖြင့် မုန်တိုင်းအလွန်ကာလတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သောအနေအထားရောက်အောင် လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။


MONREC

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

UFES

CENTENARY OF FORESTRY

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။


နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန္တီးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းသို့သွားရောက်၍ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းစဉ်။ ၂၂၂



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၃၁၉ | ၂,၅၆၂,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၁,၈၄၁ | ၅,၄၂၈,၉၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၂ | ၁၄,၆၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၁,၀၉၇ | ၁,၅၉၀,၆၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၅၀ | ၁၂၂,၅၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၅ | ၁၂,၇၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၃ | ၁၄,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၅၃.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၇.၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၆၇၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၄.၀၀ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၇၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၇၁.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၂.၉ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၂၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိသည့် အခြေအနေနှင့် ဖြန့်ခွဲရန် စီစဉ်ထားမှု၊ မုန်တိုင်းဒဏ်သင့် ဒေသများ၌ စက်ယာဉ်ယန္တရားများ ဖြန့်ခွဲ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ စက်သုံးဆီဈေးနှုန်း မကြီးမြင့်စေရေး ဆောင်ရွက်နေမှု အခြေအနေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖြင့် မုန်တိုင်းဒဏ်သင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု အခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ လက်ခံရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောများ ထပ်မံရောက်ရှိလာသဖြင့် ပစ္စည်းများ လျင်မြန်စွာချနိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်နှင့် ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲ၍ လိုအပ်သည့် ဒေသများသို့ အမြန်ဆုံးပေးပို့နိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတားများသို့သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ သယ်ဆောင်ဆိုက်ကပ်ထားသည့် Sun Shine၊ For Tune နှင့် ခိုင်ရာဇာသင်္ဘောတို့မှ ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ဖြန့်ခွဲပို့ဆောင်မည့် ရေယာဉ်/ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါဆိပ်ကမ်းတွင် လုပ်အားပေးဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားသည်။

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကွပ်ကဲမှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များသို့ ရွှေ့လျားရေသန့်စင်ကားများပေးပို့၍ ဒေသခံပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ စစ်တွေမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ဖြန့်ဝေရန် ရေသန့်စင်ကားနှစ်စီး၊ ရသေ့တောင်မြို့နယ်အတွက် ရေသန့်စင်ကားနှစ်စီး၊ မင်းပြားမြို့နယ်အတွက် ရေသန့်စင်ကားတစ်စီး စုစုပေါင်း ရေသန့်စင်ကား ငါးစီးဖြင့် မြို့နယ်သုံးမြို့နယ်အတွင်း နေ့စဉ်သန့်ရှင်းသောသောက်သုံးရေဂါလန် ၂၅၀၀၀ ကို ဖြန့်ဝေပေးလျက်ရှိ သည်။

**ဖြန့်ဝေပေးသွားမည်**

ထို့ပြင် Lite Straw (ရေနောက်မှ ရေကြည်ရအောင် သန့်စင်ပေးသောစက်) အလုံး ၅၀ အား စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် ရသေ့တောင်မြို့နယ်များသို့ ဖြန့်ဝေပေးပို့ထားပြီး ထပ်မံ၍လည်း အဆိုပါမြို့နယ်များအတွက် အလုံး ၁၆၀ ထပ်မံဖြန့်ဝေပေးသွားမည် ဖြစ်သည်။ ရခိုင်ပြည်နယ်မြို့နယ်များအတွင်း ကျေးရွာအချို့၌ မြေသားရေစုကန်များမှ ကန်ရေများကို အသုံးပြုနေရသဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဆိုလာစနစ်အသုံးပြုထားသည့် ရွှေ့လျားရေသန့်စင်စက်များဖြင့် သန့်စင်ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဖြတ်သန်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ မီတာ ၁၀၀ တာဝါတိုင် ပြိုကျပျက်စီးခဲ့ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုလိုင်းနှင့် FM အစီအစဉ်များ အမြန်ဆုံး ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက် စစ်တွေမြို့တွင် အခြေပြု၍ ပြင်ဆင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ပြန်လည်ထုတ်လွှင့်နိုင်**

ထို့ပြင် စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံ၏ မီတာ ၁၀၀ တာဝါတိုင်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း မစတင်မီ မီတာ ၃၀ တာဝါတိုင်ဖြင့် အစားထိုးဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ ယခုအခါ မီတာ ၃၀ တာဝါတိုင်အတွက် အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တပ်ဆင်မည့် တာဝါတိုင်များ ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါ မီတာ ၃၀ တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဇွန်လဆန်းပိုင်းမှစတင်ပြီး DVB T2 300W လွှင့်စက်နှင့် FM 300W လွှင့်စက်များ အသုံးပြုကာ ရုပ်သံနှင့် ရေဒီယိုအစီအစဉ်များကို မူလအတိုင်း ပြန်လည်ထုတ်လွှင့်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ မေ ၂၅ ရက်မှစတင်ကာ စစ်တွေမြို့ ကားကြီးဝင်း - မီးစက်ကြီးအဝိုင်း၊ မီးစက်ကြီးအဝိုင်း-နာရီစင်၊ နာရီစင် - ဘီလူးမတံတား၊ ဘီလူးမတံတား - ဆတ်ရိုးကျတံတား လမ်းတစ်လျှောက်တွင် ည ၇ နာရီမှ ၁၀ နာရီအထိ လမ်းမီးများ ထွန်းညှိသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ ဖုန်းများ၊ လျှပ်စစ်မီးလုံးများနှင့် အခြားဘက်ထရီအားသွင်း လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် Charging Point နေရာများဖြစ်သော ကားကြီးဝင်း၊ မီးစက်ကြီးအဝိုင်း၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်နှင့် ဘီလူးမတံတားထိပ် စသည့်နေရာများတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





စစ်တွေမြို့၌ လျှပ်စစ်မီးများ စတင်ပေးနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြများ၊ ဆရာ ဆရာမများ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် Grade-9၊ Grade-12 ဆင့် သင်ရိုးသစ် ဆင့်ပွားသင်တန်းများတက်ရောက်နေသည့် အခြေခံပညာ ဆရာ ဆရာမများနှင့် တွေ့ဆုံ

မန္တလေး မေ ၂၅

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် အမှာစကားများမှ ကျောင်းတက်သူဦးရေ တိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများတွင် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

## တွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက်က မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်၊ အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များသို့လည်းကောင်း၊ မေ ၂၃ ရက်က ချမ်းအေးသာစံမြို့နယ်ရှိအမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမရပူရမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း၊ မေ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့တော်ခန်းမသို့လည်းကောင်း သွားရောက်ပြီး ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ နည်းပြများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ Grade-9၊ Grade-12 ဆင့် သင်ရိုးသစ်ဆင့်ပွားသင်တန်းများမှ အခြေခံဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ ကျောင်းအကျိုးဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တစ်မျိုးသားလုံး ပညာရည်မြှင့်တင်မှုကို မူဝါဒများ၊ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ကျန်းမာကြံ့ခိုင်၍ ပညာတတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များရရှိလာအောင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားစိုက်ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မကြာမီ ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်ရာ လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံခြင်းလည်း ဖြစ်ပါကြောင်း၊ Grade-9၊ Grade-12 ဆင့် သင်ရိုးသစ်များကို ကျောင်းဖွင့်အမီ အရည်အသွေးပြည့်ဝစွာ သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ သင်ရိုးသစ်များကို သင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရရှိအောင် သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် မြန်မာ့ပညာရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် သင်ရိုးသစ်ပညာရေးနှင့်အတူ ဆရာနှင့် ကျောင်းသား၊ မိဘနှင့်ဆရာ အတူတကွ လက်တွဲညီညီ လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအားလုံး တက္ကသိုလ်များသို့ ရောက်ရှိသင်ကြားကြစေရန်၊ တန်းစဉ်အလိုက် ကူးပြောင်းအောင်မြင်အောင် သင်ချင်၊ တတ်ချင်စိတ်များရှိလာရန်၊ ကလေးအားလုံး ကျောင်းနေမြဲရန် အားလုံးက ခံယူချက်အပြည့်ဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းတက်ဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းနှုန်းမြင့်မားရေးကို အဟန့်အတားဖြစ်စေသည့် အကြောင်းအရင်းများကို အဖြေရှာပြီး ဝိုင်းဝန်းဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေး၊ အနာဂတ်ပညာရေးနယ်ပယ်ကဏ္ဍများ မြင့်မားတိုးတက်ရေးအတွက် တစ်မျိုးသားလုံးပညာရည်မြှင့်တင်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် အဓိက အရေးပါသူများဖြစ်ပြီး သင်ကြားသူနှင့်သင်ယူသူ ဟန်ချက်ညီနေရန် လိုအပ်ပါကြောင်း၊ ဆရာများ၏ အရည်အသွေးကို ဆန်းသစ်သည့် အယူအဆအတွေးအခေါ်သစ်များဖြင့် အမြဲတမ်းရှင်သန် မြှင့်တင်နေရန်အတွက် အစဉ်တစိုက်ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း၊ စိတ်စွမ်းအင်များထက်မြက်လာစေရန် စာများစွာဖတ်ရန် လိုအပ်ပါကြောင်း၊ ဆရာ့ဂုဏ်နှင့် အလုပ်ပေါ်တန်ဖိုးထားပြီး နိုင်ငံအပေါ်သစ္စာရှိရှိဖြင့်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများအပြင် အားလုံးက အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားကြမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မေ ၂၂ ရက်က ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ နည်းပြများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## ဆွေးနွေးပြောကြား

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်မှ ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှ ပံ့ပိုးပေးနေမှု၊ ထိရောက်သည့် သင်ကြားမှု၊ သင်ယူမှုဖြစ်စေရေးအတွက် ဆရာ ဆရာမများ လုံလောက်မှုရှိစေရန် နှစ်စဉ်တိုးမြှင့်ခန့်ထားပေးနေမှု၊ နိုင်ငံသားတိုင်း KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးကို မူဝါဒချမှတ်ကာ အလေးအနက်ထားဆောင်ရွက်နေမှု၊ အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး အထက်တန်းအဆင့်သို့ တက်ရောက်ရန်ခက်ခဲသည့် ကျောင်းသား ကျောင်းသူများအတွက် သက်မွေးဝမ်းကျောင်း စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ကြားနိုင်မည့်ကျောင်းများတွင် သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် လာမည့်ဇွန်လမှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းငါးကျောင်းအပါအဝင် ခရိုင် ၅၀ အတွင်း မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

အဆိုပါ တွေ့ဆုံပွဲများတွင်ဆင့်ပွားသင်တန်းတက်ရောက်နေကြသည့် အခြေခံ ဆရာ ဆရာမများ၏ Grade-9၊ Grade- 12 ဆင့် သင်ရိုးသစ်သင်တန်းအတွေ့အကြုံများ၊ အကျိုးကျေးဇူးများနှင့် ကျောင်းတက်ရောက်မှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းသားမိဘများ၏ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၏ နိုင်ငံတော်က သင်ကြားရေးဆရာ ဆရာမများ ဖြည့်တင်းပေးနေမှုအခြေအနေများ၊ ကျောင်းဝင်နှုန်းမြင့်မားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြချက်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ Grade-9၊ Grade-12 သင်ရိုးသစ် ဆင့်ပွားသင်တန်းများတွင် တက်ရောက်နေကြသည့် အခြေခံပညာဆရာ ဆရာမများအတွက် စုစုပေါင်းဂုဏ်ပြုငွေကျပ် ၂၂၄၉၀၀၀၀ ကို ချီးမြှင့်ခဲ့ပြီး မန္တလေးတက္ကသိုလ်ရှိ အနုပညာအသင်းအတွက် YAMAHA အမျိုးအစား ကီးဘုတ်တစ်လုံးတို့ကို လှူဒါန်းခဲ့ကာ ကျောင်းအပ်ခြင်းများ စတင်လက်ခံဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ **ရွှေ့ဖိုးမှ**

ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်မှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် TMT ဆိပ်ခံတံတားမှ ရခိုင်ပြည်နယ်သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ စစ်ရေယာဉ် (မုတ္တမ)၊ စစ်ရေယာဉ်(မဟာဗန္ဓုလ)၊ စစ်ရေယာဉ် (ပြည်တော်အေး ၂)၊ တပ်ဖွဲ့တင်ရေယာဉ် (ချင်းတွင်း)၊ ထောက်ပံ့ရေးရေယာဉ်(၆၀၃)၊ (၆၀၄)၊ MV. AQUARIOUS၊ MV.FORTUNE၊ MV.SUN SHINE၊ MCL-5 ရေယာဉ်တို့ဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၁၂၉၄ ဒသမ ၈ တန်နှင့် ခိုင်ခိုင်ဖြိုး (၃၃)၊ (၃၄) ရေယာဉ်များဖြင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane-92 ၁၉၉၈၈၆ ဂါလန်အား စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **မိုခါမုန်တိုင်းမှ**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့နယ်ရှိ တာဝါတိုင် အမှတ်(၄၂၄)နှင့် (၄၂၅)တို့ကို ဖယ်ရှားဆောင်ရွက်ခြင်း၊ ပျက်စီးခဲ့သော ဖောင်ဒေးရှင်းများ ပြန်လည်ပြုပြင်ခြင်း၊ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းတွင် တာဝါတိုင်ပေါင်း ၄၄၈ တိုင်ရှိသည့်အနက် ပြိုကျပျက်စီးခဲ့သော တာဝါတိုင် ၁၂ တိုင်၊ တာဝါထိပ်ပိုင်း ပျက်စီးခဲ့သည့် တာဝါတိုင်နှစ်တိုင်ကို အစားထိုး ဆောင်ရွက်ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁)ဓာတ်အားလိုင်းတွင် ကွန်ကရစ်တိုင်ပေါင်း ၈၁၂ တိုင်ရှိသည့်အနက် လဲကျပျက်စီးခဲ့သည့် ဓာတ်အားတိုင် ၁၀၆ တိုင် အစားထိုးပြုပြင်ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူထံမှ သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

---

## မင်္ဂလာဒုံမြို့နယ်၌ (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာနေ တောင်သူများအား (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော် မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ရွာမကျေးရွာကွင်းအမှတ် (ဗ/၅၂၇) လယ်မြေ၌ ကျင်းပသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော် မျိုးစေ့များကို မြို့နယ်အတွင်းရှိ တောင်သူ ၁၀ ဦးထံသို့ တာဝန်ရှိသူများက အခမဲ့ပေးအပ်ခဲ့ကြသည်။

**မြင့်ဦး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာမှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ



ရပ်စောက် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ တောင်ဂူဆောင်၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ Grade-9 အတန်း ပညာတတ်မြောက်အောင် ဆောင်ရွက်နိုင်ရန် မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပညာတတ်မှ မျိုးနွယ်စုများ တိုးတက်မည်ဖြစ်သောကြောင့် ကလေးများ ပညာတတ်ရန်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံပေးရန် လိုအပ်ပါကြောင်း၊ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်း သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်း ပူးပေါင်းကြိုးစားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယခုပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးသန့်နှင့် တာဝန်ရှိသူများက စာသင်ကျောင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကျေးရွာလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွံ့ဖြိုးရေးအတွက် ငွေကျပ်ငါးသိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ငွေကျပ်ငါးသိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးသန့်နှင့် တာဝန်ရှိသူများထံ ပေးအပ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားပြီး ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပုလဲခန်းမ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ပညာရေး မြင့်မားရေးအတွက် Grade- 9 သင်တန်းများ ဆင့်ပွားသင်ကြားပေးနေမှုနှင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရပ်ကွက်/ကျေးရွာတွင် ကျောင်းအပ်နှံရန်ကျန်ရှိပါက တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်နှင့် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ထောက်ပံ့ငွေကျပ်ငါးသိန်းတို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံပေးအပ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြား၍ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ရွှေရန်ပြေအခြေခံပညာအလယ်တန်းကျောင်း ပုလဲခန်းမ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ရွှေရန်ပြေအခြေခံပညာမူလတန်းကျောင်း ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပေါက်တောမြို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

စစ်တွေ မေ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ပေါက်တောမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး လေဘေးသင့်၍ ပျက်စီးခဲ့သည့်ရုံးအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်တည်ဆောက်ရေး ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးစကား ပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြို့နယ်သမဝါယမဦးစီးဌာနမှူးရုံးသို့ သွားရောက်ပြီး လေဘေးသင့်၍ ပျက်စီးခဲ့သော ရုံးအဆောက်အအုံနှင့် ခြံစည်းရိုးအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သနပ်ပင်မြို့နယ်၌ သစ်စိမ်းမြေဩဇာ၊ ပိုက်ဆံလျှော် / ပဲမျိုးရင်းဝင် မျိုးစေ့ကြဲပက်ပွဲ ကျင်းပ

သနပ်ပင် မေ ၂၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် သစ်စိမ်းမြေဩဇာ၊ ပိုက်ဆံလျှော်/ပဲမျိုးရင်းဝင် မျိုးစေ့ကြဲပက်ပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက ဖရဲကျေးရွာအုပ်စု တောင်သူဦးအောင်ကျော်ဦး၏ လယ်မြေ ငါးကေ၌ ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်/ ပဲမျိုးရင်းဝင် မျိုးစေ့ကြဲပက်ပွဲသို့ သနပ်ပင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့်ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

## လွိုင်လင်မြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လွိုင်လင် မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြကန်သာရေကန်အနီး၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က စိုက်ပျိုးမည့်ပျိုးပင်များကို ဒေသခံပြည်သူများအား ပေးအပ်သည်။

ထို့နောက် တပ်နယ်မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ထင်းရှူးပင် ၂၇၀၊ ချယ်ရီပင်၁၅၀ နှင့် စိန်ပန်းပြာပင် ၁၂၀ စုစုပေါင်းပျိုးပင် ၅၄၀ တို့ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဟိုပန်း မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် ယနေ့နံနက် ၉ နာရီတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်းမြို့ရှိ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ ကျင်းပသည့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခမဲ့ဖြန့်ဝေပေးလျက်ရှိ**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးရာသီတွင် မိဘများ အခက်အခဲမရှိစေဘဲ သားသမီးများကို ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်းဖတ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဟိုပန်းမြို့နယ်တွင်းရှိ စာသင်ကျောင်းများ၌ ရေ၊ သန့်စင်ခန်းနှင့် ကျောင်းသုံးပစ္စည်းလိုအပ်ချက်များကို “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့မှ တစ်ဆင့် တင်ပြသွားရန်၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးရန် ကျောင်းအမြန်အပ်နှံစို့ ဆောင်ပုဒ်နှင့်အညီ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်မိုးက ပညာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် အခြေခံပညာအထက်တန်းကျောင်းခွဲ(ရွှေဝါ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ဟိုပန်း)သို့ ရောက်ရှိပြီး ကျောင်းအပ်နှံမှုအခြေအနေကို ကြည့်ရှုအားပေးကာ ပညာရေးဌာနမှ တာဝန်ရှိသူများကို တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် ဟိုပန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အောက်ဆီဂျင်စက်ရုံနှင့် isolation ward ဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၅**

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကိုကျူးလွန်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ “ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းတယ်”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုများပေါ်ပေါက်လာမှ စုံစမ်းစစ်ဆေးအရေးယူခြင်းထက် အဂတိလိုက်စားမှုများမဖြစ်မီကတည်းက ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်ကြောင်း၊ ယနေ့ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အရာထမ်းကြီးများအနေဖြင့် ယခုအခမ်းအနားမှရရှိမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် ပြည်သူ့ဝန်ထမ်းများ လေးစားလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများအပြင် သက်ဆိုင်ရာပညာရပ်ကောင်စီအသီးသီးမှ ပြဋ္ဌာန်းထားသည့် ပညာရှင်များ၏ ကျင့်ဝတ်စည်းကမ်းများကိုလည်း လေးစားလိုက်နာရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိက အဟန့်အတားတစ်ခုဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် များစွာပိုမိုကျယ်ဝန်းကြောင်း၊ ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းသည် အစိုးရဌာနများတွင်သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါ သက်ဆိုင်ပြီး လာဘ်ငွေအနည်းငယ်ပေးခြင်း၊ ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းအထိပါဝင်ကြောင်း၊ ကော်မရှင်အနေဖြင့် စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကို နိုင်ငံ့ဝန်ထမ်းများသာမက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံးက ပိုမိုနားလည်သဘောပေါက်စေရေးနှင့် စိတ်ကျေနပ်အားရမှုဖြစ်စေရေးတို့အတွက် လူမှုမီဒီယာအပါအဝင် သတင်းမီဒီယာများမှတစ်ဆင့် အသံ၊ အရုပ်၊ ပုံစံအမျိုးမျိုးတို့ဖြင့် ရှင်းလင်းဖော်ပြခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ရှင်းလင်းဆွေးနွေးခြင်းနှင့် ဥပဒေစာအုပ်များကို အခမဲ့မျှဝေပေးခြင်း၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှတစ်ဆင့် နိုင်ငံ့ဝန်ထမ်းများထံ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခြင်း၊ ရှင်းလင်းဆွေးနွေးခြင်း စသည်တို့ဖြင့် ပညာပေးခြင်းလုပ်ငန်းတို့ကို ကျယ်ပြန့်စွာပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်း ၃၈ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားသည့်ဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်းတာဝန်(၃)ရပ်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (၆)ရပ်တို့ကို ချမှတ်ပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ် Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်ခန့်က စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်သူများက သိရှိလိုသည်များမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်း၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၄၀ ခန့် ပါဝင်ပြသ





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၅**

မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ (စတုတ္ထအကြိမ် မြန်မာ(လားရှိုး)-တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်သည်။

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်၊ မြန်မာ-တရုတ် နှစ်နိုင်ငံမှ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက "သာစွမြန်မာ" သီချင်းဖြင့်လည်းကောင်း၊ တရုတ်ယဉ်ကျေးမှုအကအဖွဲ့မှ "up လင်ချန်း" သီချင်းဖြင့်လည်းကောင်း တင်ဆက်ကပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက် နိုင်ငံများအကြားတွင် တရုတ်နိုင်ငံသည်အဓိက ကုန်သွယ်ဖက်နိုင်ငံ တစ်ခုအဖြစ် နှစ်စဉ်ရပ်တည်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံ့တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်လျက်ရှိသည့် ယနေ့ကာလတွင် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုကောင်းမွန်လာခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါပပျောက်ရေးကို နှစ်နိုင်ငံပူးတွဲဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအရ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု၏ အခန်းကဏ္ဍသည် ယခင်ကာလများထက် ပိုမိုအရေးပါလာခြင်းစသည့် အခြေအနေကောင်းများကြောင့် တရုတ်-မြန်မာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကို တွေ့မြင်နေရပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေးကို ကုန်သွယ်မှုကဏ္ဍ၏ အရေးပါသည့် မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲသည် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့ကြားဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးခိုင်မာအားကောင်းမှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းပြည်သူများ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်လျက်ရှိသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

နှစ်နိုင်ငံကြား ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရအချင်းချင်း သာမက ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးတွင် မြန်မာနိုင်ငံက အဓိကတင်ပို့လျက်ရှိသည့် ထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံ ဈေးကွက်အတွင်း ကျယ်ပြန့်စွာ တင်ပို့နိုင်ရေးသည် အရေးကြီးသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေး အကန့်အသတ်များ၊ အတားအဆီးများ လျှော့ချပေးစေလိုကြောင်း၊ နှစ်ဖက်နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဒေသများတွင် ဘဏ်လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူစေရေးတို့ကိုလည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### အကြီးဆုံးကုန်သွယ်ဖက်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ရေမြေတောတောင်ချင်းဆက်စပ်ပြီး ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့၏ ပူးပေါင်း ဆောင်ရွက်မှုသည် ရှေးပဝေသဏီကပင် စတင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အကြီးဆုံး သွင်းကုန်အရင်းအမြစ်နှင့် ပို့ကုန်ဈေးကွက်ဖြစ်ပါကြောင်း၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ပထဝီအနေအထား တစ်မူထူးခြားသည့် အားသာချက်နှင့် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လာစေခြင်းသည် နှစ်ဦးနှစ်ဖက်တူညီသည့် မျှော်မှန်းချက်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်ပြည်သူများ၏ အခြေခံအကျိုးစီးပွားနှင့် ကိုက်ညီပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ အပြန်အလှန် သင်ယူလေ့လာမှု အားကောင်းစေရန်၊ ချစ်ခင်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာစေရန် မြန်မာနိုင်ငံကို ထောက်ခံအားပေးရန်၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကုန်စည်ပြပွဲတစ်ခု ဖြစ်သည်နှင့်အညီ မြန်မာ-တရုတ်ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် ယခုကုန်စည်ပြပွဲ Platform ကို ထိရောက်စွာ အသုံးပြုပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လင်ချန်းမြို့ မြို့တော်ဝန် Mr. Du Jianhui က လင်ချန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ ကူညီလျက်ရှိသည့် မြန်မာ-တရုတ်နှစ်နိုင်ငံမှ မိတ်ဆွေများကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လင်ချန်းမြို့ မြို့တော်ဝန်၊ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ယူနန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့က မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ (စတုတ္ထအကြိမ်မြောက် မြန်မာ(လားရှိုး)-တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုအားပေးသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုအားပေးစဉ်။

### ကျင်းပမည်

မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) ကုန်စည်ပြပွဲကို၂၀၁၉ ခုနှစ်တွင် ရှမ်းပြည်နယ် လားရှိုးမြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ် ကုန်စည်ပြပွဲကို ၂၀၂၁ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ် ကုန်စည်ပြပွဲကို ၂၀၂၂ ခုနှစ်တွင် အွန်လိုင်းမှတစ်ဆင့်လည်းကောင်း၊ ယခုစတုတ္ထအကြိမ်မြောက်ကုန်စည်ပြပွဲကို "ဖွံ့ဖြိုးမှုသစ်များရရှိဖို့ လမ်းကြောင်းသစ်များ တည်ဆောက်စို့" ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထ အကြိမ်မြောက် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည် လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံ ကုန်သည် လုပ်ငန်းရှင် ၇၀ မှ ပြခန်းပေါင်း ၄၀ ခန့်က ဒေသထွက် စားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ လက်ဖက်နှင့် ကော်ဖီ၊ လယ်ယာထွက်ကုန်များ၊ ကြိမ်နှင့်ဝါးထွက်ကုန်များ၊ သစ်သားပန်းပုများ၊ ပရိဘောဂများနှင့် ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည်ဖြင့် ကဏ္ဍစုံပါဝင်ပြသလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်- မြန်မာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဂုဏ်ပြုညစာစားပွဲ ကျင်းပ




နေပြည်တော် မေ ၂၅

တရုတ် - မြန်မာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်နှင့် ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Chen Hai၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Economic and Commercial Counsellor များဖြစ်ကြသည့် Mr. Tan Shufu နှင့် Mr. Ouyang Daobing တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝစမ်းရေတွင်းများ၊ ရေထွက်များနှင့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ




နေပြည်တော် မေ ၂၅

(၁၀)ကြိမ်မြောက် NEVSKY အပြည်ပြည်ဆိုင်ရာ ဂေဟဗေဒဆိုင်ရာညီလာခံကို မေ ၂၅ ရက်မှ ၂၆ ရက်အထိ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ Hybrid စနစ်ဖြင့် ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ကျင်းပသည့် အဆိုပါညီလာခံ၏ "ရေသည် အနာဂတ်၏ အဓိကအရင်းအမြစ်"ဟူသော စားပွဲဝိုင်းဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် နိုင်ငံနှင့် အဖွဲ့အစည်း ၂၁ ခုမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါကြွယ်ဝသောနိုင်ငံဖြစ်ပြီး အာရှရေချိုအရင်းအမြစ်၏ ၁၂ ရာခိုင်နှုန်း၊ အာဆီယံ ရေချိုအရင်းအမြစ်၏ ၁၆ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း၊ ယနေ့ခေတ် ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ရေပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရေမူဝါဒ၊ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒနှင့် မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုတို့အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီတို့ကို ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝစမ်းရေတွင်းများ၊ ရေထွက်များနှင့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုများသည် မြစ်ချောင်းများနှင့် အဏ္ဏဝါပင်လယ်ပြင်ရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုရှိပြီး အဏ္ဏဝါ ပလတ်စတစ်အမှိုက်များကို လျှော့ချနိုင်ရေးအတွက် အမျိုးသားအဆင့် ပလတ်စတစ် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ တက်ရောက်လာသော ကိုယ်စားလှယ်များက စီးပွားရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၏ အခြေခံတစ်ခုဖြစ်သည့် ရေနှင့် ရေအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ရေအရည်အသွေးနှင့် သန့်စင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး၊ ကမ်းရိုးတန်းခရီးသွားလုပ်ငန်း၊ ရေအရင်းအမြစ် အသုံးချမှုနှင့် ဆက်နွှယ်သည့် ဘဏ္ဍာငွေထောက်ပံ့မှု၊ ရေဂေဟစနစ်ဆိုင်ရာ အသိအမြင် မြှင့်တင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် Grade-9 နှင့် Grade-12 သင်ရိုးသစ် ဆင့်ပွားသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် Grade–9 နှင့် Grade–12 သင်ရိုးသစ် ဆင့်ပွားသင်တန်းဆင်းပွဲကို မေ ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

**သင်ထောက်ကူပစ္စည်းများပေးအပ်**

သင်ရိုးသစ်ဆင့်ပွားသင်တန်းဆင်းပွဲတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သီတာနှင့် သင်တန်းတာဝန်ခံ မော်ဘီခရိုင် ပညာရေးမှူး ဦးအေးလွင်တို့က သင်တန်းဆင်းအမှာစကားများပြောကြားခဲ့ကြပြီး သင်တန်းနည်းပြများက ဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအားပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပညာမြင့်မှ လူမျိုးတင့်မည်**

# (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၅

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး (10th Meeting on Cooperation to Combat Trafficking in Persons between Myanmar Police Force and Royal Thai Police )ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သော ကိုယ်စားလှယ်များနှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် Pol. Gen. Surachate Hakparn ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်က ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှု အခြေအနေများ၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်မြို့များသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက်အလုပ်လုပ်ကိုင်မှု ဖြစ်စဉ်များ၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးမှုကျူးလွန်သူ တရားခံများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် အရေးယူခံရပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား စုံစမ်းဖမ်းဆီး လွှဲပြောင်းပေးနိုင်ရေးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားမဝင် ဝင်/ထွက်သွားလာမှုများ ပူးပေါင်းတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အင်ဒိုနီးရှားနိုင်ငံ ဘာလီရှိ ပန်လီပူရမ်ကျေးရွာနှင့် ကင်တန်မနီကျေးရွာများသို့ သွားရောက်လေ့လာ

ဘာလီ မေ ၂၅

(၁၈)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံ (18th Asia Media Summit) တက်ရောက်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရှပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေးအဖွဲ့(AIBD) အဖွဲ့ဝင်နိုင်ငံများမှ ညီလာခံ တက်ရောက်လျက်ရှိသည့် နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ဘန်လီခရိုင် (Bangli Regency)၊ ကူဘူ (Kubu) မြို့မှ ပန်လီပူရမ် ကျေးရွာ၊ Bamboo Forest နှင့် ကင်တန်မနီ (Kintamani) ကျေးရွာတို့သို့ သွားရောက်လေ့လာကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များအား ပန်လီပူရမ် ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ ကျေးရွာဆိုင်ရာ အချက်အလက်များအား ပြောကြားပြီး ကျေးရွာအတွင်း လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါပန်လီပူရမ်ကျေးရွာတွင် လူဦးရေ ၁၂၈၀၊ အိမ်ခြေ ၇၈ လုံး ရှိပြီး ဘာလီကျွန်းဒေသခံများ၏ ရိုးရာဓလေ့ထုံးစံများကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ပြီး နေထိုင်လုပ်ကိုင်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကာ အများဆုံးလာရောက်သည့် ကျေးရွာတစ်ရွာ ဖြစ်ကြောင်း၊ ကျေးရွာရှိနေအိမ်နှင့် အဆောက်အအုံများကို ဘာလီကျွန်းရိုးရာပုံစံ ဆောက်လုပ်ထားကြပြီး ကျေးရွာသူ ကျေးရွာသားများသည်လည်း ဘာလီကျွန်း ရိုးရာယဉ်ကျေးမှုနှင့်အညီ နေထိုင်လုပ်ကိုင်လျက် ရှိကြကြောင်း၊ ကျေးရွာ၏နေအိမ်တည်ဆောက်မှု ဗိသုကာပညာနှင့် မြေယာစီမံခန့်ခွဲမှုများကို နတ်ဘုရား၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ အကြား ဟန်ချက်ညီ ထိန်းညှိဆက်သွယ်ထားသည့် ဘာလီရိုးရာ သုံးနားညီ အယူအဆ (Tri Hita Karana )ကို ကျင့်သုံးဆောင်ရွက်လျက် ရှိကြောင်း၊ ပန်လီပူရမ်ကျေးရွာသည် ကမ္ဘာပေါ်ရှိ အသန့်ရှင်းဆုံးကျေးရွာ သုံးရွာတွင် ပါဝင်နေပြီး ကျေးရွာ၏ သန့်ရှင်းသပ်ရပ် သာယာလှပမှုကြောင့် ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလည်ပတ်နေရာ ထူးချွန်ဆု (Indonesia Sustainable Tourism Award) အပါအဝင် ဆုပေါင်းများစွာ ရရှိထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့သည် ပန်လီပူရမ်ကျေးရွာအနီးရှိ ဟူထန်ဝါးသစ်တော (Hutan Bambu Forest)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

Hutan Bambu Forest ကို သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ်မှ စတင်၍ အင်ဒိုနီးရှားအစိုးရက အစီအမံနှင့် ရန်ပုံငွေများ သတ်မှတ်ခွင့်ပြုပေးခဲ့ရာ ပန်လီပူရမ် ကျေးရွာလူထုက ဝါးသစ်တော ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်းများကို အစိုးရအထောက်အပံ့ဖြင့် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့သည် ဘာလီကျွန်း Kintamani Village ရှိ BAS De ATAYANA (I Love BAS Agrotourism)ကော်ဖီခြံသို့ သွားရောက်ပြီး ကြောင်နံ့သာ/ကြောင်ကတိုး အသုံးပြု၍ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပုဂ္ဂလိက ကော်ဖီခြံမှာ ၁၀ ဧက ခန့်ရှိပြီး ကြောင်နံ့သာ/ ကြောင်ကတိုး (Civet Cat/ Kopi Luwak ) ကောင်ရေ ၂၀ ခန့်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ယင်းကြောင်နံ့သာ/ကြောင်ကတိုးများက ကော်ဖီစေ့များကို စားသုံးပြီး စွန့်ပစ်လိုက်သော ကော်ဖီစေ့များကို ပြန်လည်သန့်စင်၍ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ဘာလီကျွန်းတွင် အလားတူ ကော်ဖီခြံများစွာရှိပြီး စုစုပေါင်း ဧက ၉၀၀ ခန့် လုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းကော်ဖီ အမျိုးအစားသည် ကမ္ဘာ့အကောင်းဆုံး ကော်ဖီများတွင် ပါဝင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ၂၀၂၁-၂၀၂၂ခုနှစ်တွင် နိုင်ငံခြားသို့ ကော်ဖီတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၂၆ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ စတုတ္ထအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၄၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ လူဦးရေ ၄ ဒသမ ၅ သန်းကျော်နေထိုင်လျက်ရှိသည့်ဘာလီပြည်နယ် အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလ အခြေအနေကဲ့သို့ ခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ဖွံ့ဖြိုးလာစေရေး စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံ+၃ နိုင်ငံများအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၅

မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံ+၃ နိုင်ငံများအစည်းအဝေး (11th ASEAN Ministerial Meeting on Social Welfare and Development and 7th ASEAN Plus Three Ministerial Meeting on Social Welfare and Development– 11th AMMSWD Meeting and 7th AMMSWD+3) ကို ယနေ့တွင် Video Conferencing စနစ်ဖြင့်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများပါဝင် တက်ရောက်ခဲ့ကြသည်။




ဖွင့်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံ၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌဖြစ်သူ အမျိုးသမီး၊ မိသားစုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီး Dato’ Sri HaJah Nancy Shukri က အဖွင့်အမှာစကားပြောကြားသည်။ အစည်းအဝေးကို “Accelerating the Implementation of ASEAN Commitments for Gender Equality through Gender Mainstreaming and Social Inclusion” Theme ဆောင်ပုဒ်ဖြင့်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများက ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မြန်မာနိုင်ငံသည် ကျား၊မတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးအတွက် Sustainable Development Goal (SDG Goals) နံပါတ်(၅) အပါအဝင် ဆက်စပ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအတွက် နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားတစ်ခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းမှု အခြေအနေများ၊ လိုအပ်သည့် ဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်မှုအခြေအနေများ၊ ကဏ္ဍစုံ၌ ကျား၊မရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် ကျား၊ မ တန်းတူညီမျှမှုရရှိစေရန်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(NSPAW) (၂၀၁၃-၂၀၂၂) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် NSPAW Phase II (၂၀၂၃-၂၀၃၂) ရေးဆွဲနေမှု အခြေအနေများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု အခြေအနေများ၊ လူမှုရေးပင်စင်ထောက်ပံ့မှုနှင့် မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့မှုအခြေအနေများ၊ ရခိုင်ပြည်နယ်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်းဒဏ်သင့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ASEAN နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ မိုခါမုန်တိုင်းဒဏ်သင့်နေရာများသို့ Psychosocial Support Team များ ဖွဲ့စည်းစေလွှတ်၍ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား စိတ်လူမှုပိုင်းဆိုင်ရာများ ပံ့ပိုးမှုအခြေအနေများ၊ လူမှုဝန်ထမ်းသမား (Social Worker)များ၏ အရေးပါမှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်၍ ၂၀၂၅ ခုနှစ်တွင် (၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများနှင့် အာဆီယံ+၃ နိုင်ငံများအစည်းအဝေးတို့အား မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် အတည်ပြုပါကြောင်း ပြောကြားခဲ့သည်။

အစီအစဉ်အရ အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးခဲ့ခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများက မှတ်ချက်ပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံး သွားသောဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အစားအစာ၊ သောက်ရေသန့်အပါအဝင် ဆေးဝါးများ၊ ယာယီမိုးကာတဲများလှူဒါန်းမှုများ၊ မဲခေါင်-လန်ချန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များအတွက် စီမံချက်တင်ပြထားမှု အခြေအနေများ၊ စီမံချက်များ အကောင်အထည်ဖော်ခြင်းအားဖြင့် မဲခေါင်-လန်ချန်းဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌဖြစ်သူ အမျိုးသမီး၊ မိသားစုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Dato’ Sri HaJah Nancy Shukri က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နဝမအကြိမ် သံဃနာယကနှင့် ဝိနည်းဓိုရ် ဗဟိုအဆင့်မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နဝမအကြိမ် သံဃနာယကနှင့်ဝိနည်းဓိုရ် ဗဟိုအဆင့် မွမ်းမံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော မဟာနာယကဆရာတော်ကြီးများက သင်တန်းတက်ရောက်ခဲ့ကြသည့် သံဃာတော်များကို သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်သည်။

**ဆက်ကပ်လှူဒါန်း**

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သင်တန်းသား သံဃာတော်များအား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နဝမအကြိမ် သံဃနာယကနှင့်ဝိနည်းဓိုရ် ဗဟိုအဆင့် မွမ်းမံသင်တန်းကို မေ ၁၅ ရက်မှ ၂၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သင်တန်းတက်ရောက်ကြသည့် သံဃာတော်များ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် သင်တန်းတက်ရောက်ကြသည့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်တန်းဆိုင်ရာစာအုပ်များ၊ စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်**

သင်တန်းသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင်၊ အဖွဲ့ဝင်ဆရာတော်များ၊ သီးခြားဂိုဏ်း ရှစ်ဂိုဏ်းမှ ဂိုဏ်းကိုယ်စားလှယ်ဆရာတော်များ စုစုပေါင်း သံဃာတော် ၄၅ ပါး၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သင်တန်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသ၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရွှေဘိုဆရာတော် ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ချမ်းမြသာစည်ဆရာတော် ဘဒ္ဒန္တ သီဟနာဒ၊ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နေနတ်သားဆရာတော် ဘဒ္ဒန္တ သုစိတ္တနှင့် အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ ရွှေတောင်ဆရာတော် ဘဒ္ဒန္တ ကောဝိဒတို့က သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ၊ သံဃနာယကလက်စွဲနှင့် ညွှန်ကြားလွှာများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်က တရားရေးရာကိစ္စရပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေရုံးမှ ရုံးအဖွဲ့မှူး ဒေါ်မေသက်မွန်က ဥပဒေရေးရာကိုလည်းကောင်း၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ ညွှန်ကြားရေးမှူးက ဝိနိစ္ဆယဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုဆိုင်ရာများကိုလည်းကောင်း ပို့ချခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနက မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် အနန္တဂုဏ်ရည်ဘုန်းကြီးကျောင်းတိုက်နှင့် မင်္ဂလာသီရိ ပရိယတ္တိစာသင်တိုက်တို့မှ ရဟန်းသံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ ဉာဏ်ဟိန်း



သန်လျင်ခရိုင် သာသနာရေးဦးစီးဌာန၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မေ ၂၅ ရက်တွင် သန်လျင်မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်၌ သံဃာတော်များနှင့် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးစဉ်။ ဘော်ဂါသွေး

# ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် ဖြေဆိုပူဇော်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)က စီစဉ်ကျင်းပသော ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် ဖြေဆိုပူဇော်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာပဏ္ဍိတာဘိက္ခုနှင့် ဆရာတော် သံဃာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိန်မော်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သုတစုံလင် ဗုဒ္ဓဝင် ယှဉ်ပြိုင်ဖြေဆိုမှုနှင့် အဆင့်ဆင့်ရွေးချယ်မှုပုံစံများကို ဗီဒီယိုကလစ်ဖြင့်ပြသပြီး အလယ်တန်းအဆင့် ဖိုင်နယ်ပြိုင်ပွဲဝင် ခြောက်ဦးကို ပါဠိရေးစွမ်းရည် စစ်ဆေးခြင်း၊ စကားပြောစွမ်းရည် စစ်ဆေးခြင်း၊ အမြန်မေးအမြန်ဖြေခြင်းနှင့် အမေး/အဖြေ ထပ်ဆင့်/အသေးစိတ်မေးခွန်းများကို ဆရာတော်များက စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမရရှိသူများစာရင်းကိုလည်းကောင်း၊ ဒီပလိုမာတန်းအဆင့် ရွှေတံဆိပ်ရှင်နှင့် ဆုရရှိသူများစာရင်းကို လည်းကောင်း၊ အလယ်တန်းအဆင့် ဆုရရှိသူများစာရင်းများကို လည်းကောင်း ကြေညာပြီး အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်သည်။

ထို့နောက် အလယ်တန်း ပထမဆုရှင်၏ဆိုင်ရာ သိန်း၁၂၀ Play or Stay – ကစားမလား နားမလား အစီအစဉ်ဖြင့် တင်ဆက်ပြီး ဆုနှင်းသဘင်နှင့် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပရာ မူလတန်းအဆင့် ငါးဦး၊ ဝိသာရဒ ၂၆ ဦး၊ ဒီပလိုမာတန်းအဆင့် ၁၂၉ ဦးနှင့် အလယ်တန်းအဆင့် ငါးဦးတို့ကို မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယကဆရာတော်နှင့် ဗဟိုအလုပ်အမှုဆောင်ဆရာတော်များက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ရန် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ကျောက်တံခါး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးဆောက်လုပ်မည့် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်ဆောက်လုပ်ရန်အတွက် မြေသန့်မင်္ဂလာတော်နှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၃ ရက်တွင် ကွင်းမြောက်ရပ်ကွက်ရှိ ဓမ္မအောင်လံဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ ကြွရောက်လာကြသော မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများက ပရိတ်တရားတော်များရွတ်ဖတ်ကြပြီး ကျွန်းကုန်းတောရကျောင်းတိုက်ဆရာတော်က မေတ္တာပို့တရားတော်ချီးမြှင့်၍ မြေသန့်မင်္ဂလာတော်ဆောက်ရွက်ကြသည်။

ထို့နောက် ကျွန်းကုန်းတောရဆရာတော်ကြီး ဦးဆောင်၍ မြို့နယ်လုံးဆိုင်ရာသာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်မည့်မြေနေရာတွင် ပန္နက်တင်မင်္ဂလာအခမ်းအနား ဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ
မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီထောက်ပံ့နိုင်ရန် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း



အိမ်ထောင်ဇာတ်လမ်းတွဲမှ အနုပညာရှင်များက အလှူငွေ လှူဒါန်းစဉ်။



အကယ်ဒမီခန့်စည်သူနှင့် ဓမ္မမိတ်ဆွေများက အလှူငွေ လှူဒါန်းစဉ်။

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန် အလှူငွေနှင့်ပစ္စည်းများ လက်ခံလျက်ရှိရာ အကယ်ဒမီခန့်စည်သူနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ်သိန်း ၅၀၊ အိမ်ထောင်ဇာတ်လမ်းတွဲအဖွဲ့က ငွေကျပ် ၃၂ သိန်း၊ သရုပ်ဆောင်ခိုင်နှင်းဝေက ငွေကျပ်သိန်း ၄၀ ခန့် တန်ဖိုးရှိ သွပ်အချပ် ၅၀၀၊ မမဆောင်းက ငွေကျပ်သိန်း ၃၀၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့က ငွေကျပ်သိန်း ၂၀၊ စိန်ခြသေ့ ဦးခင်မောင်လေးက တစ်တင်းခွဲပါ ဆန် ၁၀ အိတ်နှင့် ရန်အောင်၊ နေဒွေး၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည် စသည်ဖြင့် တစ်ဦးချင်း အလှူရှင်များကလည်း ငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့သည်။ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း သရုပ်ဆောင်ခိုင်သင်းကြည်၊ ဖွေးဖွေး၊ ယုသန္တာတင်၊ ခင်ဝင့်ဝါ၊ နော်ဖောအယ်ထား၊ မြင့်မြတ်၊ စံရတီမိုးမြင့်၊ ရွှေထူးနှင့် ရွှေမှုံရတီ စသည်ဖြင့် အနုပညာရှင်များက ငွေလွှဲလှူဒါန်းကြသည်။

ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

**ငွေလှူဒါန်းရန်**

| | | |
|---|---|---|
| ဦးသန်းဌေး(ဘဏ္ဍာရေးမှူး) | – | 09 428555888(KBZPay Acc No) |
| KBZ Special Account | – | 00751300704605801 |
| KBZ Account | – | 00750300704605801 |

**ပစ္စည်းလှူဒါန်းရန်**

| | | |
|---|---|---|
| ဦးဇော်မင်း(ဟံသာမြေ) | – | 09 960014815 |
| ဦးဇော်မြင့်ဦး | – | 09 5006914 |
| ဒေါ်တူး | – | 09 420052836 |
| ဒေါ်သူသူမြတ်စိုး | – | 09 895635953 |

ထို့အတူ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများ ကူညီနိုင်ရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲကို ၂၀၂၃ ခုနှစ် ဇွန်လ(၂၊ ၃၊ ၄)ရက်နေ့ ညနေ(၆:၀၀)နာရီမှ စတင်၍ နာမည်ကြီးသရုပ်ဆောင်များ၊ တေးသံရှင်များ၊ သဘင်ပညာရှင်များက ပါဝင်ကပြ ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



လင်းလက်ခွန်ချိုက အလှူငွေ လှူဒါန်းစဉ်။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမသန်စွမ်းအားကစားသမားများ ရွှေတံဆိပ်ဆုများရရှိအောင် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိ

နေပြည်တော် မေ ၂၅

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (12th ASEAN Para Games)ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသွားမည်ဖြစ်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား ရွှေတံဆိပ်ဆုများရရှိအောင် ကြိုတင်ပြင်ဆင် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

"(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာ အားကစားနည်း ၁၄ မျိုးအနက် ရှစ်မျိုးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကစားနည်း ရှစ်မျိုးကတော့ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ Goal Ball၊ အလေးမ၊ စားပွဲတင်တင်းနစ်နဲ့ စစ်တုရင်တို့ ဖြစ်ပါတယ်။ မသန်စွမ်းအားကစားနည်းတွေမှာ ပါဝင်ကစားနိုင်တဲ့ မသန်စွမ်းမှုအမျိုးအစားတွေကတော့ ကိုယ်အင်္ဂါ(ခြေ/လက်)စွန့်လွှတ်ထားရ၍ မသန်စွမ်းသူ၊ ပိုလီယိုဖြစ်သူ၊ သူငယ်နာအကြောတင်းဖြစ်သူ၊ အမြင်အာရုံချို့ယွင်းသူတွေပဲ ဖြစ်ပါတယ်။ ဒီလိုမသန်စွမ်းသူတွေကို ရွေးချယ်ခေါ်ယူပြီး ကစားနည်းအလိုက် နည်းပြဆရာတွေထံ အပ်နှံရပါတယ်။ သူတို့ကို နည်းပြဆရာတွေက အခြေခံမှစပြီး လေ့ကျင့်ပေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ



အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပြောသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်အနေဖြင့် အားကစားသမားများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး ယင်းအားကစားသမားများအနက်မှ ဆုတံဆိပ်ရရှိနိုင်သူများကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အပြီးသတ်ရွေးချယ်ကာ ဆက်လက်လေ့ကျင့်စေခဲ့ကြောင်း သိရသည်။

"ဒီနှစ်ပြိုင်ပွဲကို အရင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေထက် ဆုတံဆိပ်တွေ ပိုပြီးရယူဖို့ ရည်မှန်းထားပါတယ်။ အဓိကတော့ ရွှေတံဆိပ်တွေရရှိဖို့ လေ့ကျင့်ထားပါတယ်။ အလားအလာရှိတဲ့ မျိုးဆက်သစ် အားကစားသမားတွေကိုလည်း နိုင်ငံတကာအတွေ့အကြုံရအောင် ပါဝင်ယှဉ်ပြိုင်ဖို့လည်း ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း အားကစားကို အထူးအားပေးချီးမြှောက်နေတာကြောင့် နိုင်ငံ့ဂုဏ်မြှင့်တင်ဖို့ အားကစားသမားတွေကလည်း စိတ်ဓာတ်တက်ကြွနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

(၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ်ထားပြီး ၎င်းတို့နှင့်အတူ တပ်မတော်မှ အရာရှိ/စစ်သည် ၄၆ ဦးတို့သည် မေ ၃၁ ရက်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည့် စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၁၀ ရက်တွင် ဖနောင်ပင်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး(သတင်းစဉ်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။




**တက်ရောက်**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၂၄ ရက်တွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည့် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့အတူ ယနေ့တွင် ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသည့်သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

အလားတူ မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် မင်းပြားမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့အတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ သာသနိကအဆောက်အအုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြိုလဲသွားသည့်သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးခရိုင် မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ခအုန်းမော်ကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် အစည်းအဝေးပြုလုပ်ကာ ပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေး ကြိုတင်ထုတ်ပေးငွေနှင့် အလှူရှင်များက လှူဒါန်းထားသည့်သွပ်များကို စာသင်ကျောင်းများအတွက် ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် စစ်တွေတပ်နယ်၊ ပလက်ဝတပ်နယ်များရှိ နယ်မြေခံတပ်ရင်းများ၊ စာသင်ကျောင်းများနှင့် နယ်မြေခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ခွဲများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



နေပြည်တော် မေ ၂၅

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်အဖွဲ့ဝင်များသည် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စစ်တွေမြို့နယ်အတွင်း စစ်တွေ-ရန်ကုန်သွား ကားလမ်းမကြီး ဝဲ/ယာ တစ်လျှောက်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျိုးကျနေသည့် သစ်ပင်/သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံရဲတပ်ဖွဲ့ခွဲများရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နေအိမ်လိုင်းခန်းများ၊ အဆောက်အအုံများအား အမိုးများပြန်လည် ပြုပြင်တည်ဆောက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ယာယီနေထိုင်နိုင်ရန် ဆောင်ရွက်ထားသည့် မိုးကာရွက်ဖျင်တဲများ၊ ယာယီနေထိုင်ရန် စီစဉ်ထားသော အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အဖွဲ့ဝင်များသည် စစ်တွေမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ကျောင်းဆောင်များ ပျက်စီးနေမှုများအား ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံ နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအပ်နှံရန် လာရောက်ကြသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ရင်းမှ တပ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး အခြေခံစားကုန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တပ်ရင်းတွင်ဆောင်ရွက်ထားသော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပဲခူးမြို့ ကန်တော်ကြီး ကြိုးပြင်ကာကွယ်တော၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး မေ ၂၅

၂၀၂၃ ခုနှစ် မိုးရာသီအကြိုကာလတွင် ကန်တော်ကြီး ကြိုးပြင်ကာကွယ်တော၌ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီအကြိုရေလောင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများမှ အမြင့် နှစ်ပေနှင့် အထက်ရှိသော ပိတောက်ပင် ၈၀၊ ပျဉ်းကတိုးပင် ၅၀၊ ပျဉ်းမပင် ၈၀၊ ယမနေပင် ၃၀၊ တမလန်း ငါးပင်၊ မဟော်ဂနီ ၅၅ ပင် စုစုပေါင်းအပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဂျဂျ

# ဗီယက်နမ်နှင့်တရုတ် ကားကုမ္ပဏီတို့ အသေးစားလျှပ်စစ်ကား အကျိုးတူပူးပေါင်း ထုတ်လုပ်မည်

ဟန်နွိုင်း မေ ၂၅

ဗီယက်နမ်မော်တော်ကားကုမ္ပဏီ တီအမ်တီသည် ဝူလင်းဟောင်ဂေါင်မီနီအီးဗွီဟု အမည်ရသည့် အရွယ်အစားသေးငယ်သည့် လျှပ်စစ်ကားများကို ပြည်တွင်းဈေးကွက်အတွင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုထုတ်လုပ်သည့် လျှပ်စစ်ကားများ၏ မူလထုတ်လုပ်သည့်ကုမ္ပဏီမှာ တရုတ်နိုင်ငံမှ အက်စ်အေအိုင်စီ ဂျီအမ် ဝူလင်းကုမ္ပဏီဖြစ်၍ ၎င်းနှင့် အကျိုးတူပူးပေါင်းထုတ်လုပ်ခြင်းဖြစ်သည်။

လျှပ်စစ်ကားတပ်ဆင်ထုတ်လုပ်ခြင်းကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟန်ရန်ပြည်နယ်ရှိ တီအမ်တီကုမ္ပဏီ၏ စက်ရုံများတွင်ဆောင်ရွက်နေပြီး တစ်နှစ်လျှင် ကားစီးရေ ၃၀၀၀၀ခန့်တပ်ဆင်ထုတ်လုပ်ရေး စီစဉ်ဆောင်ရွက်နေသည်။ ဖေဖော်ဝါရီလအတွင်းက အက်စ်အေအိုင်စီ ဂျီအမ်ဝူလင်းနှင့် တီအမ်တီကုမ္ပဏီတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးခဲ့ပြီးနောက် တီအမ်တီကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံအတွင်း ဝူလင်းမီနီကားများကို ထုတ်လုပ်ခွင့်၊ တပ်ဆင်ခွင့်နှင့် ဖြန့်ဖြူးခွင့်များရရှိခဲ့ပြီး ယင်းလျှပ်စစ်ကားများတွင် လိုအပ်သည့်ကားပစ္စည်း



အစိတ်အပိုင်းများကို အက်စ်အေအိုင်စီ ဂျီအမ် ဝူလင်းကုမ္ပဏီက ပံ့ပိုးပေးမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ အသေးစားလျှပ်စစ်ကားကဏ္ဍကို ဝူလင်းဟောင်ဂေါင်မီနီအီးဗွီလျှပ်စစ်ကားများထုတ်လုပ်ခြင်းဖြင့် တစ်ထောင့်တစ်နေရာမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တီအမ်တီမော်တော်ယာဉ်ကုမ္ပဏီအကြီးအကဲ ဘူအီဗန်ဟူးက ပြောကြားသည်။

၎င်းလျှပ်စစ်ကား၏ အရွယ်အစားမှာ သေးငယ်သော်လည်း ဗီယက်နမ်နိုင်ငံမှ ကားဝယ်ယူသုံးစွဲသူများအတွက် အဆင်ပြေစေနိုင်ပြီး တန်ဖိုးမှာ တစ်စီးလျှင် ဒေါ်လာ ၁၀,၀၀၀ ဖြစ်ကာ လျှပ်စစ်ဓာတ်အားဖြည့်သွင်းရာတွင် သာမန်လျှပ်စစ်ကားများထက် ပိုမိုလွယ်ကူကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းရှိ ဂူအန်ကျွန်းသို့ မဝါ တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

ဟာဂါနာ မေ ၂၅

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းရှိ ဂူအန်ကျွန်းတွင် ယမန်နေ့ညပိုင်းက တိုင်ဖုန်းမုန်တိုင်း မဝါ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လက်ရှိအချိန်တွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကာ ကမ္ဘာလှည့်ခရီးသည်များ သောင်တင်နေကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်း မဝါသည် ဂူအန်ကျွန်းသို့ ယမန်နေ့ညမှ ယနေ့မနက်အထိ ဝင်ရောက်တိုက်ခတ်ခဲ့ကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၈ ကီလိုမီတာထက် ကျော်လွန်ခဲ့ကြောင်းနှင့် မိုးရေချိန်မှာ တစ်နာရီလျှင် ၅၀မီလီမီတာအထက်ရှိခဲ့ကြောင်း သိရသည်။

ဂူအန်ကျွန်းတွင် ၎င်းမုန်တိုင်းဝင်ရောက်တိုက်ခတ်စဉ်အချိန်က ညမထွက်ရအမိန့်ထုတ်ပြန်ထားသဖြင့် လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများမဖြစ်ပွားခဲ့သော်လည်း နေအိမ်များအား ရေလွှမ်းမိုးခြင်းဖြစ်ပွားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်ရေး စနစ်တည်ထောင်ခြင်းအား ပြုံယမ်း ရှုတ်ချ

ပြုံယမ်း မေ ၂၅

စက်မှုထိပ်သီး ခုနစ်နိုင်ငံအစည်းအဝေးတွင် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအကြား သတင်းအချက်အလက် ဖလှယ်ရေးစနစ်တစ်ခု တည်ထောင်ခဲ့ခြင်းအပေါ် ရှုတ်ချကြောင်း မြောက်ကိုရီးယားနိုင်ငံက ယနေ့ပြောကြားသည်။ ၎င်းသတင်းအချက်အလက်ဖလှယ်ရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များအကြား မကြာသေးမီအချိန်က သဘောတူညီချက်ရရှိခဲ့ကြောင်းနှင့် ၎င်းစနစ်တည်ထောင်ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ ကေစီအင်န်အေ သတင်းအေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။

အာရှအရှေ့မြောက်ပိုင်းဒေသ၌ အမေရိကန်နိုင်ငံ၏ မဟာဗျူဟာမြောက် တပ်စွဲနေရာယူမှုများကို မကြာခဏတွေ့ရှိနေရပြီး ၎င်းသုံးနိုင်ငံအကြားစစ်ရေးလေ့ကျင့်မှုများ မကြာခဏဆောင်ရွက်နေကြောင်း မြောက်ကိုရီးယားက ဆိုသည်။

အာရှဒေသတွင် နေတိုးပုံစံစစ်မဟာမိတ်အဖွဲ့ တည်ထောင်ရန်ကြိုးပမ်းသည့် အမေရိကန်၏ ဆောင်ရွက်ချက်များသည် တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း မြောက်ကိုရီးယားက ဆိုသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |






















အမျိုးသားသဘာဝ
ဘေးအန္တရာယ်ဆိုင်ရာ
စီမံခန့်ခွဲမှုကော်မတီ

# ကျောင်းအပ်နှံကြပါစို့

ရေနံ့သာမောင်ကျော်ညွန့်

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ မြန်မာတို့၏ စာတတ်မြောက်မှုနှုန်းက မြင့်မားခဲ့သည်။ ၈၅ ရာခိုင်နှုန်းအထိရှိခဲ့၏။ ကုန်းဘောင်ခေတ်နှောင်းကာလတွင် ဗြိတိသျှနယ်ချဲ့တို့က တတိယကျူးကျော်စစ်နှင့် နယ်ချဲ့လာမှုကြောင့် ဗြိတိသျှနယ်ချဲ့လက်အောက်သို့ မြန်မာတစ်နိုင်ငံလုံး ကျရောက်ခဲ့ရသည်။ မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်ပြင်းပြမှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှနယ်ချဲ့လက်အောက်က လွတ်မြောက်ခဲ့သည်။ သို့ရာတွင် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးခါစ မြန်မာတို့၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းသာရှိနေတော့သည်။



### ကိုလိုနီအမွေဆိုးကို ထားရစ်ခဲ့

ဗြိတိသျှနယ်ချဲ့တို့၏လက်အောက်မကျရောက်မီ မြန်မာဘုရင်များလက်ထက်တွင် မြန်မာတို့၏ စာတတ်မြောက်သူဦးရေသည် ၈၅ ရာခိုင်နှုန်းအထိ များပြားခဲ့ပြီး စာမတတ်သူဦးရေမှာ ၁၅ ရာခိုင်နှုန်းမျှသာရှိခဲ့သည်။ ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်သည့်အချိန်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်သူဦးရေသည် ၃၅ ရာခိုင်နှုန်းသာရှိနေပြီး စာမတတ်မြောက်သူဦးရေမှာ ၆၅ ရာခိုင်နှုန်းအထိ များပြားခဲ့သည်ကို တွေ့ရှိရသည်။ ဗြိတိသျှနယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်ပြီးခါစ မြန်မာနိုင်ငံတွင် မြန်မာတို့၏ စာတတ်သူဦးရေ နည်းပါးလာပြီး စာမတတ်သူဦးရေ များပြားလာခဲ့ရပေသည်။ ထိုသို့စာမတတ်သူဦးရေ များပြားလာအောင်လည်း ဗြိတိသျှနယ်ချဲ့တို့က ကိုလိုနီအမွေဆိုးကို ထားရစ်ခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသည့်အခါ မြန်မာတစ်မျိုးသားလုံး၏ စာတတ်မြောက်မှုနှုန်း လျော့ပါးနိမ့်ကျသွားအောင် စနစ်တကျအကွက်ချ၍ အကွက်ကျကျစီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် စာမတတ်သူဦးရေ များပြားလာသည်နှင့်အမျှ မြန်မာလူမျိုးတို့၏ ဇာတိသွေး ဇာတိမာန်များညှိုးမှိန်လာမည်၊ မြန်မာလူမျိုးတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ပျောက်ကွယ်လာမည်၊ မြန်မာလူမျိုးတို့၏မျိုးချစ်စိတ်များ အညွန့်ကျိုးလာမည်၊ ဗြိတိသျှနယ်ချဲ့တို့က မြန်မာတို့ကို ပန်းကောင်းအညွန့်ကျိုးဖြစ်အောင် အညွန့်ချိုးထားလိုသည်။ ထိုသို့သောစေတနာဆိုးများဖြင့် မြန်မာတစ်မျိုးသားလုံး၏ စာတတ်မြောက်မှုနှုန်း လျော့ပါးနိမ့်ကျသွားအောင် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့မှသာ ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ကို စိတ်တိုင်းကျဗိုလ်ကျစိုးမိုးနိုင်ပြီး ကိုလိုနီသက်တမ်း ကြာရှည်စေမည်ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့က နယ်ပယ်စုံတွင် အမျိုးမျိုးဖိနှိပ်စိုးမိုးခြယ်လှယ်နေသော်ငြား မြန်မာတို့၏ဇာတိသွေး ဇာတိမာန်တို့က ညှိုးမှိန်မသွားပေ။ တိုး၍တိုး၍ နိုးကြွနေသည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများက ပျောက်ကွယ်မသွားပေ။ တိုး၍တိုး၍ ရှင်သန်ကြီးထွားနေသည်။ မြန်မာတို့၏မျိုးချစ်စိတ်များက အညွန့်ကျိုးမသွားပေ။ အညွန့်တလူလူနှင့် ခေါင်းထောင်နေသည်။ ထိုထိုသောအကြောင်းတရားများကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ ဗြိတိသျှနယ်ချဲ့တို့၏လက်အောက်မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့ပေသည်။ ဗြိတိသျှနယ်ချဲ့တို့သည် မတတ်သာသည့်အဆုံး၌ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ကို လွတ်လပ်ရေးပေးခဲ့ရ၏။ သို့သော်လည်း လွတ်လပ်ရေးချည်းပေးခဲ့ခြင်းမဟုတ်ပေ။ ရေရှည်ဆိုးကျိုးကို ရည်ရွယ်ပြီး စီမံအကောင်အထည်ဖော်ခဲ့သော စာမတတ်သည့်အမွေဆိုးကိုပါ ရောနှောပေးခဲ့ခြင်းဖြစ်ပေသည်။

### စာမတတ်သူ လုံးဝပျောက်ကွယ်သွားသည်အထိ စီမံဆောင်ရွက်

လွတ်လပ်ရေး ရပြီးသည်နှင့်တစ်ပြိုင်နက် ဗြိတိသျှနယ်ချဲ့တို့ ထားရစ်ခဲ့သော ကိုလိုနီအမွေဆိုးဖြစ်သည့် စာမတတ်သူများပြားနေပြီး စာတတ်သူနည်းပါးနေသည်ကို စာတတ်သူဦးရေ များပြားလာပြီး စာမတတ်သူ လုံးဝပျောက်ကွယ်သွားသည်အထိ စီမံဆောင်ရွက်ခဲ့ကြရသည်။ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး စီမံဆောင်ရွက်ကြရခြင်းဖြစ်သည်။ ထိုသို့စီမံဆောင်ရွက်ကြရခြင်းမှာ မြန်မာလူမျိုးအားလုံးကို တစ်ယောက်မကျန် စာတတ်စေလိုသောကြောင့်ဖြစ်သည်။ စာတတ်မှသာ စာထဲမှ အသိပညာ၊ အတတ်ပညာများကို ရှာဖွေရယူနိုင်မည်ဖြစ်ပေသည်။ စာထဲမှ ရရှိလာသည့် အသိပညာဖြင့် ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်သည်။ စာထဲမှ ရရှိလာသော အတတ်ပညာဖြင့် ဘဝအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်။

> ယနေ့ကျောင်းနေအရွယ် လူငယ်မောင်မယ်များသည် မကြာတော့သောကာလတွင် တစ်ဦးချင်းစီ၏တာဝန်များ၊ မိသားစု၏တာဝန်များ၊ ရပ်ရွာ၏တာဝန်များ၊ လူမှုအဖွဲ့အစည်း၏တာဝန်များ၊ နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ကြရပေတော့မည်။ ထိုထိုသောတာဝန်များကို “ပညာပြည့်ဝ၊ နှလုံးလှ” သူများကသာ ကျေပွန်စွာထမ်းဆောင်နိုင်ကြပေမည်။ အခြေခံပညာသင်ကျောင်းများသည် ပညာအခြေခံကောင်းများနှင့်အတူ “ပညာပြည့်ဝ၊ နှလုံးလှ”သူများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ထို့ကြောင့် မိဘများအနေဖြင့် “ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”. . .

စာတတ်သူသည် ထိုသို့သောကောင်းကျိုးကို ရရှိနိုင်မည်ဖြစ်သောကြောင့် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို ခေတ်အဆက်ဆက် စီမံဆောင်ရွက်ခဲ့ရာ ယနေ့ကာလတွင် စာမတတ်သူ မရှိတော့သလောက် နည်းပါးလာခဲ့ပြီဖြစ်သည်။ သို့ရာတွင် စာမတတ်သူက မဆိုစလောက်ကြွင်းကျန်နေသေး၏။ ထိုအကြွင်းအကျန်မျှ ကျန်နေသေးသော စာမတတ်သူများမှာ ကျောင်းနေအရွယ်လွန်များဖြစ်နေသည်ကို တွေ့ရှိရသည်။

ယခုအခါတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် ကျောင်းမနေခဲ့ရဘဲ စာမတတ်သေးသည့် ကျောင်းနေအရွယ်လွန်များကို တစ်ယောက်တလေမျှမကျန်ရအောင် ကောက်သင်းကောက်ယူပြီး စာသင်ပေးလျက်ရှိသည်။ ထိုသို့ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက ဆောင်ရွက်ပေးနေခြင်းဖြင့် ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူများ လုံးဝပပျောက်သွားမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် ကျောင်းနေခွင့်မရခဲ့သည့် စာမတတ်သူ ကျောင်းနေအရွယ်လွန်များ ပပျောက်သွားမှသာ စာမတတ်သူ လုံးဝပျောက်ကွယ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်များအားလုံး ကျောင်းနေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အရေးတကြီးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး”ဟူ၍ လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာမည့် ကျောင်းနေအရွယ်ကလေးအားလုံးကို မြေတောင်မြှောက်ပေးလျက်ရှိသည်။ ရှေးဦးစွာ “ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး”၊ “အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေး”၊ “အနည်းဆုံး (သူငယ်တန်း+ ဒွါဒသမတန်း အတန်းစဉ်မှ) နဝမတန်းအထိ သင်ယူမှုပြီးမြောက်ရေး” တို့ကို အလေးအနက်ထားပြီး အင်တိုက်အားတိုက်စီမံဆောင်ရွက်ပေးလျက်ရှိသည်။

### ကျောင်းနေစရိတ်အမျိုးမျိုးကို ကင်းလွတ်ခွင့်ပေး

“ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး”၊ “အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး”၊ “အနည်းဆုံး (သူငယ်တန်း+ ဒွါဒသမတန်း အတန်းစဉ်မှ) နဝမတန်းအထိ သင်ယူမှုပြီးမြောက်ရေး”တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ကျောင်းနေစရိတ်အမျိုးမျိုးကို ကင်းလွတ်ခွင့်ပေးပြီး နိုင်ငံတော်က ကျခံပေးသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ အစရှိသည့်စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကိုပါ အခမဲ့ပေးဝေကာ ထူးချွန်ထက်မြက်ပြီး ဆင်းရဲနွမ်းပါးသည့်ကျောင်းသားကျောင်းသူများကိုလည်း ပညာသင်စရိတ်များ ထောက်ပံ့ပေးလျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်း လက်လှမ်းမီစေရန်အတွက် အခြေခံပညာမူလတန်းကျောင်းခွဲများ၊ အခြေခံပညာမူလတန်းကျောင်းများ၊ အခြေခံပညာ မူလတန်းလွန်ကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲများ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းခွဲများ၊ အခြေခံပညာအထက်တန်းကျောင်းများကို ကျေးရွာများအထိ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်နည်းတူ ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြုပြင်မွမ်းမံပေးခြင်း၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းစာကြည့်တိုက်များ ထူထောင်ပေးခြင်းတို့ကိုလည်း

စာမျက်နှာ ၁၅ သို့ ✤

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၃-၂၀၂၄ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

မုံရွာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် ကုသရေး/ပြည်သူ့ကျန်းမာရေး ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မုံရွာခရိုင်/မြို့နယ် ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ



ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများနှင့် ဆေးဝါးများရရှိမှု၊ ဖြန့်ဝေမှုအစီအမံများ၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများနှင့် ဆေးဝါးများရရှိမှု၊ ဖြန့်ဝေမှုအစီအမံများ၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၅ ရက်က တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၂၅

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းများ ဖွင့်လှစ်နိုင်ရေး (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြည်နယ်အတွင်း အခြေခံပညာ ကျောင်းများ ဖွင့်လှစ်နိုင်ရေး အတွက် ဆောင်ရွက်ထားမှု၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ



ပညာသင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှု၊ သက်မွေးပညာကျောင်း အပါအဝင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ထားမှု အခြေအနေများနှင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အခြေခံပညာကျောင်းများတွင် နှစ်ချို့ကင်းကွာ ကျောင်းသား ကျောင်းသူများအား ကျောင်းအလိုက် (Placement Test) ပြုလုပ်၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပြီး ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ (KG+9) အောင်မြင်ထားသော ကျောင်းသား ကျောင်းသူများ အနေဖြင့် လွိုင်ကော်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်မည့် သက်မွေးပညာရပ်တစ်ခုဖြစ်သည့် စိုက်ပျိုး - မွေးမြူရေး အထက်တန်းကျောင်း အထက (ချိကယ်)တွင် တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ စာမျက်နှာ ၁၄ မှ

ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ အားကစားသုံးပစ္စည်းများ စသည်တို့ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော်က အဘက်ဘက်မှ ဆောင်ရွက်ပေးနေခြင်းမှာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေပျော်၍ စာတော်ပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်း မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေချင်သောကြောင့်ဖြစ်သည်။

**တက်ညီလက်ညီပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်က ဦးတည်ဆောင်ရွက်ပေးနေသည့် "ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး"၊ "အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး"၊ "အနည်းဆုံး (သူငယ်တန်း+ဒွါဒသမတန်း အတန်းစဉ်မှ) နဝမတန်းအထိ သင်ယူမှုပြီးမြောက်ရေး" တို့ကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပညာရေးကို လိုလားပြီး စေတနာထက်သန်သည့် ပညာရေးအလှူရှင်များ၊ မိဘပြည်သူများအားလုံးက တက်ညီလက်ညီ တစ်ခဲနက်ပူးပေါင်းဆောင်ရွက်မှုကြောင့် နှစ်စဉ်တိုးတက်အောင်မြင်လာသည်များကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်ပါသည်။ ထိုသို့ တွေ့မြင်နေရသော တိုးတက်အောင်မြင်မှုများသည် မကြာမီကာလတွင် နိုင်ငံတော်တစ်ဝန်း၌ ဖူးပွင့်လာမည့် လူ့စွမ်းအားအရင်းအမြစ်အသီးအပွင့်များဖြစ်သည်။ ထိုလူ့စွမ်းအားအရင်းအမြစ်အသီးအပွင့်များ သီးပွင့်လာသည်နှင့်တစ်ပြိုင်နက် မိဘတို့သည် "ဆင်စီးမြင်းရံ"နေသောသားသမီးများကို မြင်တွေ့ကြရပေမည်။ အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှလှဖြင့် အထက်တန်းကျကျရပ်တည်နိုင်မည်ဖြစ်သည်။

**ပညာပြည့်ဝ၊ နှလုံးလှ**

ယနေ့ကျောင်းနေအရွယ် လူငယ်မောင်မယ်များသည် မကြာတော့သောကာလတွင် တစ်ဦးချင်းစီ၏တာဝန်များ၊ မိသားစု၏တာဝန်များ၊ ရပ်ရွာ၏တာဝန်များ၊ လူမှုအဖွဲ့အစည်း၏တာဝန်များ၊ နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်ကြရပေတော့မည်။ ထိုထိုသောတာဝန်များကို "ပညာပြည့်ဝ၊ နှလုံးလှ" သူများကသာ ကျေပွန်စွာထမ်းဆောင်နိုင်ကြပေမည်။ အခြေခံပညာသင်ကျောင်းများသည် ပညာအခြေခံကောင်းများနှင့်အတူ "ပညာပြည့်ဝ၊ နှလုံးလှ"သူများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိရင်သွေးကျောင်းနေအရွယ် ကလေးများ၏နောင်ရေး စိတ်အေးရအောင် "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဟု ရေးသားတိုက်တွန်းအပ်ပါသတည်း။ ။

■

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဖြန့်ဝေပေးလျက်ရှိ**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ မြို့ဦးဘုန်းကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိပြီး လမ်းဘေးဘယ်ညာမှ လဲကျနေသော သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်ရှိ စာသင်ဆောင်အမိုးအား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ ဒေသခံပြည်သူများအား ချက်ပြုတ်ရေးအဆင်ပြေစေရန် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။



**ခုတ်ထွင်ရှင်းလင်း**

စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်တွေ-ရန်ကုန်သွားကားလမ်းပေါ်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မောင်တောမြို့ ပဲရုံကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်ခြားရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အဆိုပါမြို့ရှိမဟာအောင်မြေရတနာကျောင်းတိုက်၊ ဇေယျာဂီရိကုလရက္ခိတတောင် အလိုတော်ပြည့်ကျောင်းနှင့် အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် တို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်**

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေသော နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသားများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးသို့ လေ့လာရေးခရီးရောက်ရှိနေသော အခြေခံလေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃)တို့မှ သင်တန်းသားသင်တန်းသူများအား သင်တန်းကာလနှင့် လေ့လာရေးခရီးစဉ်များပြီးမြောက်၍ တပ်မတော်လေယာဉ်/မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများသို့ ပြန်လည်ရောက်ရှိကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးရှိ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်အပ်နှံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကရင်ပြည်နယ် မြဝတီမြို့၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ)ပေးအပ်ခြင်းနှင့် ကြဲပက်စိုက်ပျိုးခြင်း အခမ်းအနားကို မေ ၂၂ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လက်တွေ့ကြဲပက်စိုက်ပျိုးစဉ်။

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘ၀နတ်ထံ ပျံလွန်တော်မူ

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ အရ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း(၇)ရက်၊ (၂၅-၅-၂၀၁၃) ကြာသပတေးနေ့၊ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ဘ၀နတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရဘဲကျေးရွာတွင် ခမည်းတော်ဦးဘိုးသစ်+မယ်တော် ဒေါ်အေးသိုက်တို့မှ ၁၂၈၁ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ် ဝါဆိုလဆန်း(၈)ရက်၊ တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆင်မင်းကျေးရွာ ဆင်မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း(၁၀)ရက် တနင်္လာနေ့တွင် တောင်သာမြို့နယ် ရဘဲကျေးရွာ ရဘဲကျောင်းတိုက် ဗဒ္ဓသိမ်၌ ကံမြကံဦးကျောင်း ဆရာတော်ဘဒ္ဒန္တသောဘိတ(ဦးပွား)ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် တောင်သာမြို့နယ် ကံမြကျေးရွာ ကံဦးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောဘိတ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တမေဓိယ၊ ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တအရိယ စသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် "ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ ဝဋံသကာ၊ BA (မန်းတက္ကသိုလ်)၊ သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့" ၁၃၁၈ ခုနှစ်တွင် "ပါဠိသိရောမဏိ"ဘွဲ့၊ ၁၃၇၈ ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ ဆက်ကပ်သော ဂုဏ်ထူးဆောင် ဓမ္မပါရဂူ(D.Litt) ဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဆက်ကပ်သော Doctor of Letters(D.Litt) ဘွဲ့၊ ၂၀၁၆ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ Sehan University မှ ဆက်ကပ်သော ဘာသာရေးအတွေးအခေါ် ဘာသာရပ်ဂုဏ်ထူးဆောင် (Ph.D)ပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**စာပေကျမ်းဂန်များ သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်၌ ဘ/ကကျောင်းဖွင့်လှစ်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို အခမဲ့ပညာသင်ကြားပေးခဲ့ခြင်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကကျောင်းတော်၌ (၅)နှစ်ကျော် စာပေပို့ချခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့် စာပေများသင်ကြားပို့ချခဲ့ခြင်း၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းတို့ကို မန္တလေးမြို့ ဘုရားကြီးတိုက်တွင် အတွင်းရေးမှူးအဖြစ်ဖြင့် ပြီးစီးအောင်ရေးသားပြုစုခဲ့ခြင်း၊ သိမ်တောင်သာသနာဝင်ကျမ်း (မြန်မာဘာသာ)၊ မောဂ္ဂလာန် သဒ္ဒါကျမ်းကြီးအဖွင့် ပယောဂသိဒ္ဓိနိဿယ ပ၊ ဒု နှစ်အုပ်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိဘာသာဖြင့် ပြန်ဆိုရေးသားခြင်း ပ၊ ဒု (၂)အုပ်၊ ထေရီအပဒါနဒီပနီ (ပါဠိဘာသာ)၊ ယမိုက်ပါဠိတော်(ဒု၊ တ) (အင်္ဂလိပ်ဘာသာပြန်) စသည့်ကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။



**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စသော သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းနိုင်ရန် မူလသံဃာ့ဝန်ဆောင်(၆၆)ပါးအဖွဲ့၌ ပါဝင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း လှည့်လည်ဟောပြောပြီး သာသနာပြုတာဝန်များကို ထမ်းဆောင်ခဲ့ခြင်း၊ ပထမအကြိမ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ် မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"**ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"**ဘွဲ့တံဆိပ်တော် တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘ၀နတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါအရ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း(၇)ရက်၊ (၂၅-၅-၂၀၁၃) ကြာသပတေးနေ့၊ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ဘ၀နတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## သန်လျင်ခရိုင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရန်ကုန် မေ ၂၅**

သန်လျင်ခရိုင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်း ရေလှောင်တမံကြိုးဝိုင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် ဥက္ကဋ္ဌက သတ်မှတ်နေရာတွင် ပိတောက်ပင်အား စိုက်ပျိုး၍ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့များက သတ်မှတ်နေရာအသီးသီးတို့တွင် ပိတောက်၊ ပျဉ်းကတိုး၊ စိန်ပန်း၊ မန်ကျည်းရှားပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးပေးကြသည်။

သန်လျင်ခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ဘန့်ဘွေးကုန်း ရေလှောင်တမံကြိုးဝိုင်းအတွင်း ရေဝေရေလဲဧရိယာတည်တံ့ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကာကွယ်နိုင်ရေး၊ ဇီဝမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**

## ဟင်္သာတမြို့နယ်၌ စပါးပိုမိုထွက်ရှိစေရေး အသိပညာပေးဆွေးနွေး

**ဟင်္သာတ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အင်းခဝယ်ကျေးရွာရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပညာပေးစခန်းတွင် မေ ၂၃ ရက် နံနက်က ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး တစ်ဧကလျှင် ၁၀ တင်းနှုန်း ပိုမိုထွက်ရှိစေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဟင်္သာတခရိုင်စိုက်တိုးမြှင့်အဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက တစ်ဧကလျှင် ၁၀ တင်းနှုန်း ပိုမိုထွက်ရှိစေရေး စိုက်စနစ်ပြောင်းလဲကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဧကလျှင် ၁၀ တင်းနှုန်း အထွက်တိုးစေရေး ဌာနအလိုက် ဆောင်ရွက်ပေးမည့်ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းတင်ပြခဲ့ကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ် ထွက်ရှိ




**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၇ -၅ - ၂၀၁၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၁) တွင် ဉာဏ်ပညာကြီးမားသည့် မင်းသားလေးဒိဗ္ဗနှင့် စကားကို ချိုသာယဉ်ကျေးစွာ ပြောဆိုပါက တိရစ္ဆာန်ပင် ကျိုးနွံယဉ်ပါးလာပုံအကြောင်းကို တင်ဆက်ထားသည့် "နန်းညွန့် ရတနာ" မျက်နှာဖုံးကာတွန်း၊ ကလေးများ နေ့စဉ်ကြုံတွေ့နေရသော နေထိုင်စားသောက်မှုနှင့် သက်ဆိုင်သော အီကော်နောမစ် (Economic) အကြောင်းကို တင်ဆက်ထားသည့် "ကစ်ဒီနောမစ် ( Kiddynomics)" သုတဆောင်းပါး၊ သဘာဝအရ ကျောကုန်းပေါ်၌ အခွံမာပါရှိ၍ အသွားနှေးသောလိပ်ကို ကဲ့ရဲ့ဝေဖန်ကြရာမှ ဒုက္ခနှင့်ကြုံတွေ့ချိန်တွင် အမြင်မှန်ရသွားသော ဖားနှင့်ငါးလေးတို့အကြောင်းကို တင်ဆက်ထားသည့် " လိပ်နှင့်ဗျိုင်း" နှစ်မျက်နှာကာတွန်း၊ မိမိမသိရှိသေးသော အကြောင်းအရာများကို အခြားသူများကို မေးမြန်းဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် "မသိလျှင်မေးတတ်စေချင်သည်" ဝတ္ထု၊ မည်သည့်အရာမဆို ပျက်သည့်အချိန်မှ ပြင်မည့်အစား မပျက်စီးခင်ကပင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို ဒုက္ခရောက်စေရန် လှည့်ဖြားပြောဆိုပါက မိမိတွင်လည်း ဒုက္ခရောက်ရပုံအကြောင်းကို တင်ဆက်ထားသည့် "လှည့်ဖြားတတ်တဲ့မျောက်" ပုံပြင်၊ သူတစ်ပါးကို ကဲ့ရဲ့လွန်းသဖြင့် မိတ်ဆွေမရှိဘဲ အထီးကျန်စွာနေထိုင်ရသော ရှဉ့်လေးအကြောင်းကို တင်ဆက်ထားသည့် "အထီးကျန်" နှစ်မျက်နှာကာတွန်း၊ မြေးကိုချစ်လွန်း၍ အလိုလိုက်ထားရာမှ ဒုက္ခရောက်ရပုံကို အတုယူဖွယ်တင်ဆက်ထားသည့် "ရွှေပိုး-ဘိုးဘိုးချစ်" နှစ်မျက်နှာကာတွန်း၊ Preposition အချို့၏ အသုံးအနှုန်းများကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အောင်ဆန်းရပ်ကွက်နေ အောင်ကိုဝင်း(ခ) တောင်ကြီးသည် ၎င်းအသုံးပြုသည့် “Aung Ko Aung Ko ” Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်နေ ဝေယံ(ခ)ယံယံသည် ၎င်းအသုံးပြုသည့် “Ko Wai Yan” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ အင်တာမီလန်အသင်းမှ**

ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်နဲ့ ၃၇ မိနစ်တို့မှာ မာတီနက်ဇ်သွင်းယူခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးတို့ရရှိခဲ့ကာ ဒုတိယပိုင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့လို့ အင်တာမီလန်အသင်းကပဲ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်ဟာ အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ နောက်ဆုံးပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပွဲစဉ်လေးပွဲမှာ သွင်းဂိုးလေးဂိုးအထိ ရှိလာခဲ့ပြီး အင်တာမီလန်အသင်းကလည်း ဖီအိုရင်တီးနားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကိုပါအီတာလီယာဖလားကို နှစ်ကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့လို့ ကိုပါအီတာလီယာဖလားကို လက်လွှတ်ခဲ့ရတဲ့ ဖီအိုရင်တီးနားအသင်းဟာ ဇွန် ၇ ရက်မှာ ဥရောပကွန်းဖရန့်လိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဇွန် ၁၀ ရက်မှာတော့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ **ငွေကြယ်**

**❍ ကျောဖုံးမှ**

အုပ်စု(H)တွင် ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အုပ်စု(I)တွင် ဩစတြေးလျ၊ တာဂျစ်ကစ္စတန်၊ လာအို၊ မြောက်ကိုရီးယား၊ အုပ်စု(J)တွင် ဆော်ဒီအာရေဗျ၊ ကမ္ဘောဒီးယား၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု(K)တွင် တာ့ခ်မင်နစ္စတန်၊ အင်ဒိုနီးရှားနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၂ ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(B)ပွဲစဉ်များကို တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**ကိုညီလေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၅ | ၂၇၀၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၂၅ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၂၀၇၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၀၅ | ၂၂၃၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၀၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၈၅ | ၂၃၁၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၀၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၈၅ | ၂၃၁၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၂၀၀၅ | ၂၀၇၈ |
| HSD (500 ppm) | ၁၈၂၀ | ၁၈၈၆ |
| HSD (50 ppm) | ၁၈၉၄ | ၁၉၆၁ |
| HSD (10 ppm) | ၁၈၉၄ | ၁၉၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၅၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၅-၂၀၂၃) ရက်နေ့ ည (၈:၀၁)နာရီမှ (၂၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၄၅၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၆၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၆၀၃,၆၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၄၂၂)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၇,၃၆၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊ ဇ(တောင်)ရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ(၃)၊တိုက်အမှတ်(၂)၊ အခန်းအမှတ်(၂၀၃)၊ ဒုတိယထပ်၊ (အလျား၃၅ပေxအနံ၃၅ပေ)အကျယ်ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဦးသက်ထွန်းအောင် [၁၂/မဂတ(နိုင်) ၀၉၀၁၇၉]မှ "(၂၅-၈-၂၀၁၇)ရက်စွဲပါ တိုက်ခန်းအရောင်းအဝ ယ်သဘောတူစာချုပ်" အရ ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဥမ္မာအောင် [၉/မထလ(နိုင်)၀၀၀၁၀၀]၊ ဦးကျော်စိုးမိုး [၁၂/လသန(နိုင်)၀၀၁၂၅၅]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၁၈)၊ မြေကွက်အမှတ်- ၈၉၀ ဟုခေါ်တွင်သော ဒေါ်ခင်ဝါမြင့် (CB-၀၂၃၅၄၇) အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်(မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးဝင်းထွန်း [၁၂/ဒဂရ(နိုင်)၀၃၂၄၅၆]မှ ဆက်စပ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ချောစုဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းရှိ တိုက်အမှတ် (၇၂)၊ (၅) လွှာ ဟုခေါ်တွင်သော အကျယ်အဝန်း (၁၈½x ၅၅) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (ကွယ်လွန်သူ ဦးတင်အေး၊ ဒေါ်အေးအေးကလေး)တို့၏ သားဖြစ်သူ ဦးရွှေသာကျော် [၁၂/သကတ(နိုင်)၁၅၄၉၄၅]မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထိုက်ထိုက်လင်း [၁၂/ဒလန(နိုင်)၀၃၉၂၁၂] မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက် စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ စ၍ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ထိုက်ထိုက်လင်း**
**[၁၂/ဒလန(နိုင်)၀၃၉၂၁၂]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၈၈)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၆၄၀၂၀၈၀၃**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(ခွဲ)၊ ကလော့ကြီး၊ Grade(4)မှ ကျောင်းဝင်အမှတ် (၀၂၁၅) မအိဖြိုးနန္ဒာ၏ မိခင် အမည်မှန်မှာ ဒေါ်ပန်းမွန် [၁၀/ရမန(နိုင်)၁၆၉၃၇၃] ဖြစ်ပါကြောင်း။

**ဒေါ်ပန်းမွန်**

## ဖခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (ခွဲ)၊ ချောင်းတောင် Grade(1) မှ မဆုရတီမိုး၏ ဖခင်အမည် မှန်မှာ ဦးခိုင်လင်း [၁၀/ရမန (နိုင်) ၂၁၆၇၇၇] ဖြစ်ပါကြောင်း။

**ဦးခိုင်လင်း**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃/၂)၊ မြေကွက်အမှတ်(၁၅၉)၊ ဂရုဏာလမ်းရှိ (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်ကို ဒေါ်သောင်းသောင်းဖြူ [၁၂/ဥကတ(နိုင်)၁၃၇၄၈၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝိုင်းဝိုင်းအောင် [၁၃/ကလန(နိုင်)၀၇၅၉၂၅] မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၂၄-၅-၂၀၂၃)ရက်နေ့တွင် မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ် ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်း တစ်စုံတစ်ရာရှိပါက သက်ဆိုင်သူသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းဝိုင်းအောင်ထံသို့ လူကိုယ်တိုင်တိုက်ရိုက် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၁၂၈၉၁**
**ဖုန်း - ၀၉-၇၉၅၁၅၈၀၄၀၊ ၀၉ ၉၆၅၆၅၃၀၂၀**
**ရုံးခန်းလိပ်စာ - အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ နွယ်သာကီ (၄)လမ်း၊ မြေကွက်ကြီးအမှတ် (၅၇၅)၊ ဧရိယာအကျယ်အဝန်း (အလျား ၄၇ ပေ x အနံ ၆၅ ပေ) ဧရိယာထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (ဂရန်မူရင်းခြမ်း) (အလျား ၂၇ ပေ x အနံ ၆၅ ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်လုံးချင်း ရေမီးစုံအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံ ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ဒေါ်အေးအေးမြတ် [၁၂/သဃက(နိုင်)၀၂၃၉၀၈] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသန်း [၁၂/တမန(နိုင် ၀၄၉၈၂၉]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**ဒေါ်မေသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)**
**ဖုန်း- ၀၉-၄၃၀၇၂၄၄၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ် (၁၁၄၂)၊ မြေအကျယ်အဝန်း (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ်(၁၁၄၂)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁)ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်တင်စန်းရီ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော ဒေါ်သဇင်ထိုက် [၁၂/ဗတထ(နိုင်)၀၂၇၈၁၅]၊ ဦးလတ်ထူး [၁၂/ဗတထ(နိုင်)၀၀၁၇၄၂]၊ ဒေါ်အေးမာအောင် [၁၂/လကန(နိုင်) ၁၈၁၅၉၃]တို့၏ SP ရရှိထားသူ ဦးစိုးမြင့် [၁၂/သဃက(နိုင်)၁၀၃၃၁၁]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိုးလင်း [၁၂/ဥကတ(နိုင်)၁၃၀၀၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) အထက်တန်းရှေ့နေ ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်-၁၆၇၀၅)(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ အမှတ် (၅/ဘီ)၊ အခန်းအမှတ်(၂၀၂)၊ အကျယ်အဝန်း အလျား(၃၅)ပေ အနံ(၅၀)ပေရှိ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာစိုး (ဘ) ဦးလှမြင့် [၉/တကန(နိုင်) ၂၀၅၃၁၇] အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာစိုး၏ သဘောတူညီခွင့်ပြုချက် မရှိဘဲ မည်သူကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်း ခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာစိုး၏ ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးကျော်လှိုင်သိန်း** | **ဒေါ်စုစုသက်ဝေ** | **ဒေါ်ခင်ချမ်းမြေ့လှိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၉၇၂၂)** | **(စဉ်-၄၇၈၅၂)** | **(စဉ်-၅၁၀၆၂)** |

**အမှတ်(၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၄၃၇၄၄၁၊ ၀၉-၆၈၂၅၀၁၂၄၂ ၊ ၀၉-၆၈၅၂၀၁၁၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း နှင့် ရွှေဟင်္သာလမ်းထောင့်ရှိ ရွှေဟင်္သာအဆင့်မြင့်အိမ်ရာစီမံကိန်း တိုက်အမှတ် (C1)၊ တိုက်ခန်းအမှတ်- ၁၁၂၊ Block – C1 # 112) (1369 Sqft) ခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဌေး ဌေးကြည် [၁၂/ကမရ(နိုင်)၀၀၅၈၅၅]နှင့် ဦးကောင်းမြတ် [၁၂/ကမရ(နိုင်) ၀၅၆၇၀၃]မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို သည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေ ထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့် အထောက်အထားမူရင်းများ နှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိ ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်းနှင့် ရွှေဟင်္သာလမ်းထောင့်ရှိ ရွှေဟင်္သာ အဆင့်မြင့်အိမ်ရာစီမံကိန်း တိုက်အမှတ် (C1)၊ တိုက်ခန်းအမှတ်- ၁၂၁၀၊ Block – C1 # 1210) (3456 Sqft)ခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးကောင်းမြတ် [၁၂/ကမရ(နိုင်)၀၅၆၇၀၃]မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ် ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ် ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/ ၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၃၉၃၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၉

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ခင်မြင့်<br>၂။ ဒေါ်ခင်ခင်ကြည် | နှင့် | ဦးမင်းအောင် |
| တရားလိုများ | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၆)နေ ဦးမင်းအောင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **ကတိပဋိညာဉ်အရ မူလရပိုင်ခွင့်ရှိသည့် တိုက်ခန်း (၂)ခန်းအပြင် ကတိပဋိညာဉ်အတိုင်း အချိန်မီအဆောက်အဦပြီးစီး အောင်ဆောင်ရွက်ပေးရန် ပျက်ကွက်မှုများကြောင့် နစ်နာဆုံးရှုံးမှုအတွက် ကာလတန်ဖိုးအရ နစ်နာကြေးအဖြစ် တိုက်ခန်း (၁)ခန်းနှင့် ကျပ်သိန်း (၂၀၀၀)စုစုပေါင်း တိုက်ခန်း (၃)ခန်းနှင့် ကျပ်သိန်း(၂၀၀၀)ရလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၄ ရက်)နေ့ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည် ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက် ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ နှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ(၂၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## (၁၅-၂-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ- ၂၈ တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မေဦး၏ ကြေညာချက်အပေါ် ဦးနေဝင်းအောင် [၁၂/သကတ(နိုင်)၀၈၃၄၅၇]၊ ဦးစန်းယုအောင် [၁၂/သကတ(နိုင်)၁၃၉၁၆၉]နှင့် အများသိစေရန် ပြန်လည်တုံ့ပြန်အသိပေးကြေညာခြင်း

၁။ ကျွန်ုပ်၏အမှုသည် ဒေါ်မြစန္ဒာ [၁၂/သကတ(နိုင်)၁၅၅၁၆၀]၊ ခေတ္တစင်ကာပူ နိုင်ငံတွင် နေထိုင်သူ၏ တရားဝင်ကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြသီတာ [၁၂/ သကတ(နိုင်)၁၄၁၃၉၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်-

၂။ ဖခင် ဦးအောင်တင်နှင့် မိခင် ဒေါ်သိန်းကြည်တို့ ကွယ်လွန်ပြီးနောက် (၁၄-၈-၂၀၂၂)ရက်စွဲပါ "မောင်နှမသားချင်းတစ်စု သဘောတူစီမံမှုကတိစာချုပ်" အရ အောက်စာရင်းတွင် ဖော်ပြထားသော ပစ္စည်းများသည် ဒေါ်မြစန္ဒာ၏ အမွေ ခွဲဝေရရှိသည့် ပိုင်ဆိုင်ပစ္စည်းများဖြစ်ပါသည် -

- (၁) ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ရွှေပြည်သာ လမ်း၊ အမှတ်(၆၂၀/က) ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အိမ်ခန်း/ဆိုင်ခန်းတို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။
- (၂) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ် (၁၆၉၅) ဟုခေါ်တွင်သော (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်။
- (၃) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကွမ်းခြံကုန်းလမ်း၊ အမှတ်(၆၆၄) ဟုခေါ်တွင်သော (၁၅x၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်။

၃။ ဦးနေဝင်းအောင်သည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၃)လမ်း၊ အရှေ့/အမှတ်(၉၆၉)ရှိ ဒုတိယထပ်တိုက်ခန်း (၁)ခန်းကို (၁၇-၁၁-၂၀၁၇)ရက်နေ့က "အမွေစား၊ အမွေခံတိုက်ခန်းပေးအပ်ခြင်း ကတိ စာချုပ်အရလည်းကောင်း၊ (၁၄-၈-၂၀၂၂)၊ မိသားစုစီမံစာချုပ်အရ Toyota Probox အမျိုးအစား Taxi ကားအမှတ် (9D-7447)နှင့် ရွှေလက်ကောက်(၁)ကွင်း + ရွှေကြယ်သီး (၁)စုံ။ ဦးစန်းယုအောင်သည် မိခင်ဒေါ်သိန်းကြည် သက်ရှိထင်ရှား ရှိစဉ် အမွေဝေစုအဖြစ် ခွဲဝေပေးခဲ့သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက် ရပ်ကွက်၊ အောင်ဇေယျ (၁၀)လမ်း၊ အမှတ်(၉၂၅) ဟုခေါ်တွင်သော ခေါင်းရင်း ဘက်ခြမ်း၊ (၁၀x၆၀)ပေ မြေကွက်နှင့် နေအိမ်၊ (၁၄-၈-၂၀၂၂)ရက်စွဲပါ မိသားစုစီမံမှု စာချုပ်အရ ငွေကျပ်သိန်း (၁၅၀)နှင့် ရွှေဆွဲကြိုး (၁)ကုံးတို့ကို အသီးသီး အမွေဝေစု အဖြစ် လက်ခံခဲ့ပြီးဖြစ်ပါ သည်။

၄။ ဖခင် ဦးအောင်တင်နှင့် မိခင် ဒေါ်သိန်းကြည်တို့ ကွယ်လွန်ပြီး အမွေလက်ကျန် များကို (၁၄-၈-၂၀၂၂)ရက်စွဲပါ စာချုပ်တွင် ဦးနေဝင်းအောင်၊ ဦးစန်းယုအောင် အပါအဝင် မောင်နှမများအားလုံး သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ပါသဖြင့် ဒေါ်မြစန္ဒာမှ ပေးအပ်ခွဲဝေပိုင်ဆိုင်ခဲ့သော မြေ၊ နေအိမ်၊ ဆိုင်ခန်းများအပေါ် ကျန်မောင်နှမများနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါ။ ဒေါ်မြစန္ဒာ၏ လွှတ်လပ် သော သဘောဆန္ဒအရ အဆိုပါ အိမ်၊ ခြံ၊ မြေများကို ငှားရမ်း၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးနေဝင်းအောင်၊ ဦးစန်းယုအောင်နှင့် အများသိစေရန် အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်မြစန္ဒာ (ခေတ္တစင်ကာပူနိုင်ငံ)၏ တရားဝင်ကိုယ်စားလှယ်စာရရှိသူ**
**ဒေါ်မြသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိဝင်းဇော်** | **ဦးထွန်းထွန်းလင်း** | **ဦးသုထက်ကျော်လွင်** |
| **(LL.B, D.I.R, D.B.L, D.M.L, D.I.L)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၁၇၄)** | **(စဉ်-၁၆၉၅၀)** | **(စဉ်-၄၉၅၀၂)** |

**ရုံး- အမှတ်- ၅၆၉ (ပထမထပ်)၊ အခန်း(၁၀၃)၊ MAC Towen ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေနှင်းဆီ (၂)လမ်း၊ အိမ်အမှတ်(J-၅၄)နေ ဦးပြည့်ဖြိုးကျော် [၁၄/ကကထ(ဧည့်)၀၀၀၁၆၆]သည် "အာယုသုခ"အမည်ဖြင့် သောက်ရေသန့်လုပ်ငန်း ကုန်တံဆိပ် အမည်အမှတ် အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၅-၂၀၂၃ ရက်တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်းကို လုံးဝမပြုလုပ်ပါရန် တားမြစ် အပ်ပါသည်။ တားမြစ်ချက်အား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးပြည့်ဖြိုးကျော်**
**အမှတ်(J-၅၄)၊ ရွှေနှင်းဆီ(၂)လမ်း၊ FMI အိမ်ရာ၊ (၄)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်။ ဖုန်း- ၀၉-၄၂၁၉၅၄၀၄၅**

## "အိမ်ခြံမြေ ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအဂျေကူမာရ် [၇/ကတခ(ပြု) ၀၁၆၆၁၁]သည် **"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ်- ၈၇၊ မြေကွက်အမှတ်- ၄၂၈/ခ၊ (၈၇)ရပ်ကွက်၊ ဘောဂ ဗလလမ်း၊ အိမ်အမှတ် (၄၂၈/ခ) ဟုခေါ်တွင်သော အကျယ် (၂၀x၆၀) ပေရှိ မြေကွက် (၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူ ဖြစ်သော "ဦးမျိုးခိုင် [၉/ညဥန(နိုင်)၁၃၉၃၁၈]"ထံမှ တရားဝင် ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း(LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်း မျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ် မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို......**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အင်တာမီလန်အသင်း ကိုပါအီတာလီယာဖလားဆွတ်ခူး



ဖီအိုရင်တီးနား အသင်းနဲ့ အင်တာမီလန်အသင်းတို့ မေ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲစဉ်မှာ အင်တာမီလန်အသင်းက ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အင်တာမီလန်အသင်း အနေနဲ့ ကိုပါအီတာလီယာ ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဖီအိုရင်တီးနား အသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်မှာ ဖီအိုရင်တီးနားအသင်းက ပထမပိုင်းပွဲကစားချိန် သုံးမိနစ်မှာ ဂွန်ဇာလက်ဇ်ရဲ့ သွင်းဂိုးနဲ့

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(B)တွင် ကျရောက်

ရန်ကုန် မေ ၂၅

၂၀၂၃ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၅ ရက်က ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(B)တွင် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၄၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ လေးသင်းအုပ်စု ၁၀ ခုနှင့် သုံးသင်း တစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ ကာတာအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် ဂျော်ဒန်၊ ဆီးရီးယား၊ အိုမန်၊ ဘရူနိုင်း၊ အုပ်စု(B)တွင် တောင်ကိုရီးယား၊ မြန်မာ၊ ကာဂျစ္စတန်၊ ကာတာ၊ အုပ်စု(C)တွင် ဗီယက်နမ်၊ စင်ကာပူ၊ ယီမင်၊ ဂူအမ်၊ အုပ်စု(D)တွင် ဂျပန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ ပါကစ္စတန်၊ အုပ်စု(E)တွင် ဥဇဘက်ကစ္စတန်၊ အီရန်၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ အုပ်စု(F)တွင် အီရတ်၊ ကူဝိတ်၊ တီမော၊ မကာအို၊ အုပ်စု(G)တွင် ယူအေအီး၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ တရုတ်၊

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❍

**ယနေ့ ဖတ်စရာ**

**ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝစမ်းရေတွင်းများ၊ ရေထွက်များနှင့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၈

**(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားများ ရွှေတံဆိပ်ဆုများ ရရှိအောင် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိ**

စာမျက်နှာ » ၁၁